မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၁)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပိုလန်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘရွန်နစ်လော ကိုမိုရိုစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပိုလန်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပိုလန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒေါ်နယ် တာ့စ်(ခ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kim Sung- Hwan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Kim Sung-Hwan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong လည်း တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kim Sung- Hwan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးစွာ အတူတကွ ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ခိုင်မာရေး၊ နည်းပညာ၊ အင်ဂျင်နီယာပညာရပ်များနှင့် အခြားအဆင့်မြင့်ပညာကဏ္ဍများ၊ အားကစားကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍများနှင့် ရေနက်ဆိပ်ကမ်းများ၊ အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးတို့ကို ရင်းနှီးချစ်ခင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kim Sung- Hwan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပန်းခြင်းပေးအပ်

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့များအား ဂုဏ်ပြု ပန်းခြင်းပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာလူငယ်ကျွမ်းဘားပညာရှင် ၁၀ ဦး တို့ကပါ တရုတ်ကျွမ်းဘားအားကစားသမားများနှင့်အတူ ပူးပေါင်းဖျော်ဖြေတင်ဆက်သွားမည် ဖြစ်သည့်အတွက် ကြွရောက်လာကြသော ဧည့်ပရိသတ်များအားလုံး၏ တစ်ခဲနက်နှစ်ခြိုက်အားပေးမှုကို ရရှိနိုင်လိမ့်မည်ဟုလည်း မိမိအပြည့်အဝ ယုံကြည်မျှော်လင့်မိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် ယခုကဲ့သို့ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်များအရ ဖျော်ဖြေတင်ဆက်ပွဲများကို အပြန်အလှန်ပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် နှစ်ဖက်ထိတွေ့ဆက်ဆံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ယခုကဲ့သို့ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်များကို ဆတက်ထမ်းပိုးတိုးပြီး ဆက်လက် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် အလေးအနက်ဆန္ဒပြုပါကြောင်း၊ ထို့ပြင် ယနေ့ည ဖျော်ဖြေတင်ဆက်ပွဲ အောင်မြင်ပါစေကြောင်းနှင့် လာရောက်ဖျော်ဖြေသော အဆွေတော်တို့၏ တရုတ်ပြည်ကျွမ်းဘားအနုပညာရှင်အဖွဲ့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြောကြား

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့က လှပချိန်ဆ ဘဲလေးအက၊ ပန်းကန်ပြားပဒေသာပြကွက်၊ ကြိုးတန်းလျှောက်ပြကွက်၊ စည်တိုအလှခြေစွမ်းပြ ပြကွက်၊ ပျော့ပျောင်းလှစွာလှုခန္ဓာပြကွက်နှင့် ဒိုင်ယာဘိုလို ရွှဲအလှပြကွက်တို့ဖြင့် ဖျော်ဖြေတင်ဆက် ကပြကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းဘားပညာသင်ယူခဲ့သော မြန်မာလူငယ်လေးများက လက်မောင်းသန်စွမ်းမှုပြကွက်၊ စဥ့်အိုးလေးများ နဖူးပေါ်တင်ထားပြကွက်၊ လုံ့ပဒေသာနှင့် ကျွမ်းဘားပြကွက်တို့ဖြင့် ဆက်လက်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့က တိုင်ထောင်ဘားကျွမ်းပြကွက်၊ ဖန်ခွက်များနှင့် ခန္ဓာပျော့ပျောင်းမှုပြကွက်၊ ကြိမ်ကွင်းပဒေသာပြကွက်၊ ဘောလုံးဖမ်းမယ် တူပျော်ပျော်၊ စက်ဘီးစွမ်းရည်ပြကွက်များဖြင့် ဆက်လက်ဖျော်ဖြေ တင်ဆက်ကြပြီး ဖျော်ဖြေပွဲကို ရုပ်သိမ်းလိုက်သည်။

ဖျော်ဖြေပွဲအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာတို့က တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများပေးအပ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ဧည့်သည်တော်များသည် တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့သည် ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့၌ ဖျော်ဖြေတင်ဆက်ခဲ့ပြီး မေ ၄ ရက်နှင့် ၅ ရက်တို့တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ဖျော်ဖြေပွဲ လက်မှတ်ရောင်းရငွေများကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၃

၂၀၁၂ ခုနှစ် မေ ၃ ရက်တွင် ကျရောက်သည့် ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပိုလန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရာဒိုစလောစီကောစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

ထိုကာလမှသည် ယနေ့ထက်တိုင် အစဉ်အဆက် တည်တံ့ရှင်သန်နေသည်ကို ယနေ့ဖျော်ဖြေတင်ဆက်ပွဲက သက်သေပြလျက်ရှိပါကြောင်း၊ ထိုသို့ အပြန်အလှန် ယဉ်ကျေးမှုဖလှယ်ရေး အစဉ်အလာကောင်းများကြောင့်လည်း နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းသာမက ပြည်သူများအချင်းချင်းပါ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ကြပါသည်ဟု ထပ်လောင်း ပြောကြားလိုပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် ယနေ့လက်ရှိ နိုင်ငံတကာဆက်ဆံရေး၏ အခြေခံမူများဖြစ်သော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို စတင်ချမှတ်ကျင့်သုံးခဲ့ကြသည့် ကနဦးနိုင်ငံများဖြစ်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်းတွင်လည်း ယင်းမူကြီး (၅)ချက်အပေါ် အခြေခံကာ အိမ်နီးချင်းမိတ်ဆွေကောင်းပီသစွာဖြင့် နိုင်ငံတကာမျက်နှာစာနှင့် ဒေသတွင်း မျက်နှာစာအသီးသီးတွင် နှစ်ဖက်အကျိုးတူကိစ္စရပ်များကို အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း။

ယခုအခါ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကြောင့် စီးပွားရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ရေအားလျှပ်စစ်၊ စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သယ်ယူပို့ဆောင်ရေး အစရှိသည့် ကဏ္ဍပေါင်းစုံတွင် နှစ်ဖက်တိုးတက်အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့ပြီး နှစ်နိုင်ငံပြည်သူများအတွက် များစွာ အကျိုးဖြစ်ထွန်းလျက်ရှိသည်ကိုလည်း အထင်အရှား တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယနေ့ တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုသည် တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူများအကြား အပြန်အလှန်နားလည်မှုကို အားဖြည့်ပေးနိုင်ရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုမြင့်မားလာစေရန် ရည်ရွယ်ပြီး နှစ်နိုင်ငံလူမှုရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အဖြစ် တင်ဆက်ခြင်း ဖြစ်ပါကြောင်း၊ တရုတ်ပြည် ကျွမ်းဘား အနုပညာရှင်အဖွဲ့အနေဖြင့် ဧပြီ ၂၇ ရက်မှ မေ ၆ ရက်အထိ မြန်မာနိုင်ငံကို လာရောက်ပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တင်ဆက်ဖျော်ဖြေမည်ဖြစ်ပါကြောင်း၊ ထိုဖျော်ဖြေပွဲများမှ ရရှိသော ဝင်ငွေများကို မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်လည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းကို "ယနေ့မြန်မာ့လူ့ဘောင်ကို အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံနှင့်အဝန်း တည်ဆောက်ထားပြီးဖြစ်သည့် ကျေးရွာစာကြည့်တိုက်များအား စံ(၅)ရပ်နှင့် ကိုက်ညီသော အခိုင်အမာစာကြည့်တိုက်များအဖြစ် ရပ်တည်လာနိုင်ရေးနှင့် ရေရှည်တည်တံ့ပြီး ခိုင်မာအောင်ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး" အတွက် ရည်ရွယ်ဖွဲ့စည်း တည်ထောင်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် မြန်မာပြည်သူအားလုံး၏ အနာဂတ်လူ့ဘောင်အဖွဲ့အစည်း အကျိုးစီးပွားအတွက် အခြေခံကျသောလုပ်ငန်း ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ တရုတ်ပြည်ကျွမ်းဘားအနုပညာရှင်အဖွဲ့၏ ဖျော်ဖြေပွဲမှ ဝင်ငွေများအားလုံးကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကို လှူဒါန်းမည် ဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာကြည့်တိုက်ဖောင်ဒေးရှင်းကလည်း တရုတ်ပြည် ကျွမ်းဘားအနုပညာရှင်အဖွဲ့ကို အထူးကျေးဇူးတင်လျက်ရှိပါ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်ပွဲတွင် ကြိုဆိုဂုဏ်ပြု နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

သည်ဟု အသိပေး ဖော်ပြပြောကြားလိုပါကြောင်း။

ထို့ပြင် ဤဖျော်ဖြေတင်ဆက်ပွဲကြီးကို ပိုမိုသက်ဝင်အောင်မြင်အောင် အားဖြည့်နိုင်ရန်အတွက် ၂၀၀၉၊ ၂၀၁၀ ခုနှစ်များအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျွမ်းဘားပညာရပ်များ သွားရောက် လေ့ကျင့်သင်ကြားခဲ့ကြသည့်

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အထူးမွမ်းမံသင်တန်း တက်ရောက်ကြမည့် ဆရာ ဆရာမများအား တွေ့ဆုံ

နေပြည်တော် မေ ၂

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၀)သို့ တက်ရောက်မည့် အခြေခံပညာ ဆရာ ဆရာမများအား ယနေ့ နံနက် ၉ နာရီတွင် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းတက်ရောက်ကြမည့် ဆရာ ဆရာမများအား ထောက်ပံ့ငွေကျပ် ၁၃ ဒသမ ၅ သိန်းကို ပေးအပ်သည်။

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၀)သို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဆရာ ဆရာမ စုစုပေါင်း ၁၃၅ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၃ ရက်)

ကိုယ်စွမ်း၊ ဉာဏ်စွမ်း

အလုပ်တစ်ခုကို လုပ်ကိုင်ရာတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် လုပ်ကြမည်၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသလောက် လုပ်နေပါသည်ဟူ၍ ပြောကြ၊ ဆိုကြလေ့ရှိသည်။ ကိုယ်စွမ်းအားနှင့် ဉာဏ်စွမ်းအား မြင့်မားနေပါမှ အလုပ်တစ်ခုကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် စွမ်းဆောင်ပေးနိုင်ပေလိမ့်မည်။ လုပ်ငန်းတိုးတက်အောင်မြင်ရေးသည် ကိုယ်စွမ်းနှင့် ဉာဏ်စွမ်းအားသည် အထူးအရေးကြီးပေသည်။

ကိုယ်စွမ်းဟူသည် အလုပ်တစ်ခုခုအပေါ် ကိုယ်ကိုယ်တိုင် ကမကထ စွမ်းအားထုတ် လုပ်ကိုင်ခြင်းဖြစ်သည်။ ထိုသို့လုပ်ကိုင်နိုင်ရန် စွမ်းအားလိုသည်။ ထိုစွမ်းအားသည် ပိဿာသုံးလေးဆယ်လေးသည့်အရာကို သယ်မသည့် စွမ်းအားမျိုးမဟုတ်။ အတတ်ပညာနှင့်တူသော စွမ်းရည်စွမ်းအားများကို ဆိုခြင်းဖြစ်သည်။ အတတ်ပညာများများ တတ်မြောက်ထားဖို့လို၏။ နယ်ပယ်စုံ၊ ကဏ္ဍစုံတို့တွင် အတတ်ပညာများရှိ၏။ အတတ်ပညာများကုန်စင်အောင် တတ်မြောက်ထားပါမှ ကိုယ်စွမ်းအား ကောင်းနိုင်၏။ ကိုယ်စွမ်းသည် လေ့လာသင်ယူခြင်းမှ ရနိုင်၏။ အတွေ့အကြုံများမှ ရနိုင်၏။

ထို့အတူ ဉာဏ်စွမ်းသည်လည်း အရေးကြီး၏။ ဉာဏ်စွမ်းအားဟူသည် ဉာဏ်အမြော်အမြင် ကြီးမားခြင်းပင်ဖြစ်၏။ ဉာဏ်အမြော်အမြင်ကြီးမှ အလုပ်တစ်ခုအပေါ် ထက်ထက်မြက်မြက် လုပ်ကိုင်နိုင်မည်။ အောင်မြင်စွာဆောင်ရွက်နိုင်မည်။ ဉာဏ်စွမ်းအားကို တစ်နည်းအားဖြင့် ဉာဏဗလဟူ၍လည်း ဆိုကြ၏။ ကိုယ်စွမ်းအားကောင်းရန် အတတ်ပညာကောင်းများ သင်ယူလေ့ကျင့်ရသကဲ့သို့ ဉာဏ်စွမ်းအားကောင်းရန်မှာလည်း အတွေ့အကြုံ ဗဟုသုတ အကြားအမြင်ကြွယ်ဝဖို့လိုသည်။ ဗဟုသုတအကြားအမြင်ကောင်းစေရန် စာများများဖတ်သင့်၏။ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက် အစရှိသည့် မီဒီယာများမှလည်း သုတစွမ်းရည်ကို ရနိုင်၏။

လူတိုင်းလူတိုင်းသည် ကိုယ်စွမ်းအားရော ဉာဏ်စွမ်းအားပါ ကောင်းဖို့လိုသည်။ အချို့ ကိုယ်စွမ်းအားကောင်းသော်လည်း ဉာဏ်စွမ်းအား မကောင်းကြ။ တစ်ဖန် ဉာဏ်စွမ်းအား ကောင်းပြန်သော်လည်း ကိုယ်စွမ်းအား မကောင်းကြ။ တစ်ခုခုချို့ယွင်းအားနည်းနေလျှင် လုပ်ငန်းအောင်မြင်တိုးတက်မှု နှေးကွေးနိုင်၏။ ထို့ကြောင့် လူကြီးသူမများက "ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိရှိ အားထုတ်အလုပ်လုပ်ကြစမ်းပါ။ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိရှိနဲ့ အလုပ်လုပ်မှ တိုးတက်အောင်မြင်နိုင်တယ်" ဟူ၍ ပြောဆိုလေ့ရှိသည်။ ကိုယ်စွမ်း၊ ဉာဏ်စွမ်းသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် အထူးအရေးကြီးပေသည်။

ယနေ့ခေတ်ကြီးတွင် အရာရာသည်တိုးတက်ပြောင်းလဲနေ၏။ အချိန်နှင့်တစ်ပြေးညီ အတတ်ပညာ၊ အသိပညာများ ဆည်းပူးလေ့လာနေသင့်၏။ အသစ်အသစ်သော နည်းပညာ၊ အတတ်ပညာများသည် နေ့စဉ်ဖြစ်ပေါ်နေ၏။ ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအား ကောင်းဖို့လိုသည်။ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအား ပြည့်ဝမှုအားနည်းနေလျှင် ခေတ်နောက်ကျကျန်ရစ်ပေလိမ့်မည်။

သို့ဖြစ်ပါ၍ ယနေ့လူငယ်လူရွယ်တိုင်းသည် ခေတ်နှင့်အမီလိုက်နိုင်ရန် ကိုယ်စွမ်းအားနှင့် ဉာဏ်စွမ်းအားကို အရှိန်အဟုန်မြှင့်တင်သင့်ပေသည်။ ကိုယ်စွမ်းအားနှင့် ဉာဏ်စွမ်းအားကောင်းသော လူငယ်များ အမြောက်အမြားပေါ်ထွန်းလာပါမှ နိုင်ငံကြီးပွားတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ သို့ပါသောကြောင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းကို မြှင့်တင်လုပ်ကိုင်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများ မြို့ပြကျေးလက်အနှံ့ ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လေ့လာဆည်းပူးဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမူန်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကောင်စီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နှီးနွှယ်သော ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်ပေါင်း ၁၃ သန်းကျော်၏ စေတနာ၊ မေတ္တာကိုအရင်းခံ၍ မိခင်နှင့်ကလေးများ၊ မိသားစုများအားလုံးကို ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရရှိစေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးတည်ဆောက်ရာ၌ စွမ်းစွမ်းတမံအကျိုးပြုစေနိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်အောင် စွမ်းဆောင်ပေးလျက်ရှိကြသည်ကိုလည်း အားလုံးသိကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူမှုရေး ဦးတည်ချက်(၄)ရပ်အနက် တစ်ခုဖြစ်သည့် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"အတွက် ဆောင်ရွက်ရာတွင် မိသားစုများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးလက်အသင်း၊ အသင်းခွဲဝင်များအားလုံး၏ ထိရောက်သောလုပ်ငန်းဆောင်ရွက်ချက်များကိုလည်း မှတ်တမ်းတင်အပ်ပါကြောင်း။

မြန်မာနိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစ၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးသေနှုန်းများသည် နိုင်ငံ၏ အရေးကြီးပြီး အခြေခံကျသည့် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေး အညွှန်းကိန်းများဖြစ်သည့်အားလျော်စွာ နိုင်ငံတော် အကြီးအကဲများကလည်း မိခင်ကလေး ကျန်းမာရေးကိစ္စများကို အထူးဦးစားပေးကဏ္ဍတစ်ရပ်အနေနှင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း လမ်းညွှန်ထားပါကြောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအနေနှင့် ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများမှာလည်း နိုင်ငံတော်အကြီးအကဲများ၏ ဦးဆောင်လမ်းညွှန်မှုနှင့် အညီ ဌာနဆိုင်ရာများ၊ နှီးနွှယ်လူမှုရေးအသင်းအဖွဲ့များ၊ မိသားစုများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ ထက်သန်သည့်ဆန္ဒများ၊ နိုးကြားတက်ကြွသည့် စိတ်ဓာတ်များနှင့် ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည့်အတွက် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရေးအတွက် ကြိုးပမ်းရာမှာ ထိရောက်သော အင်အားတစ်ရပ်လည်း ဖြစ်စေခဲ့ကြောင်း၊ ပင်ကိုအားဖြင့် မိသားစုစိတ်ဓာတ်၊ အချင်းချင်းကူညီရိုင်းပင်းတတ်သည့်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်များနှင့် ကျစ်လျစ်ခိုင်မာမှုရှိသည့် အသင်းဝင်များနှင့်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအနေဖြင့် အသင်းကြီး စတင်တည်ထောင်ခဲ့သည့်အချိန်ကစပြီး နှစ်စဉ်ရှေ့လုပ်ငန်းစဉ်များချမှတ်ကာ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေမှာ အမျိုးသားရေးအသွင်နှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အတွက်လည်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ တိုးတက်ပြောင်းလဲမှုများနှင့် ဆက်စပ်လျက်ရှိသော အကျိုးဖြစ်ထွန်းစေမည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်ဒေသအထိ ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများ၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအခြေအနေမြှင့်တင်စေရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာဦးစီးဌာနများ၊ အခြားနှီးနွှယ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လက်တွဲညီညီအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဤလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်အဖြစ် ပြည်သူများနှင့် အနီးကပ်ဆုံး ထဲထဲဝင်ဝင်ဆောင်ရွက်ပေးနေကြသည့် အသင်းဝင်များ၏ ဆောင်ရွက်မှုသည်လည်း မိမိလူမျိုး၊ မိမိနိုင်ငံ အကျိုးအတွက် အရေးပါသော မှတ်တိုင်များဖြစ်ကြောင်း။

အကျိုးရှိသောရလဒ်

မိသားစုအားလုံးအတွက် ကျန်းမာရေးကဏ္ဍမှာမရှိမဖြစ်လိုအပ်သည့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး၏ အနယ်နယ်အရပ်ရပ်မှာရှိကြသော အသင်းဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုအင်အားနှင့် ယခုကဲ့သို့ အကျိုးရှိသော ရလဒ်များ ရရှိနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အသင်းကြီး၏ လုပ်ငန်းများဆိုင်ရာ စနစ်တကျရှိသော လေးလပတ် အစီရင်ခံစာ၊ နှစ်ချုပ်အစီရင်ခံစာများနှင့် သုတေသနစာတမ်းများ အရည်အသွေးမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်မားလာသကဲ့သို့ ပြည်သူ့အကျိုးပြု စံနမူနာကောင်းများအဖြစ် ဆက်လက်ထိန်းသိမ်းကြရမှာဖြစ်ကြောင်း၊ သုတေသနစာတမ်းပြုစုသည့် အကြောင်းအရာများ အနေနှင့်လည်း ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေးလေးနက်နက်စဉ်းစားတွေးခေါ် လုပ်ဆောင်ထားကြသည်ကိုလည်း အားတက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်မှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိကလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူး၍ ကိုယ်တိုင်ကျင့်တစ်ဆင့်ပွားကာ မြို့ပြကျေးလက်အနှံ့ ပြည်သူများ၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြရန်ကိုလည်း တိုက်တွန်းအပ်ပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ၊ ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးစတင်ကျင်းပ

နေပြည်တော် မေ ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အသင်းကြီးအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်/မြို့နယ်မှသည် ရပ်ကွက်/ကျေးရွာအဆင့်အထိ အသင်းခွဲပေါင်း ၂၁၉၃၁ သင်းနှင့် အသင်းဝင်ပေါင်း ၁၃ သန်းကျော်တို့က အမျိုးသားရေးစိတ်ဓာတ်၊ လူမှုရေး စိတ်ဓာတ်ထက်သန်စွာဖြင့် မိမိဆန္ဒအလျောက် အသင်းဝင်များအဖြစ် ပါဝင်လှုပ်ရှား ဆောင်ရွက်နေကြသည့် လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် အခိုင်အမာ ရပ်တည်လျက်ရှိကြောင်း၊ အင်အားအရရော၊ အရည်အသွေးအရပါ တစ်နိုင်ငံလုံး စနစ်တကျဖြန့်ကြက်ဖွဲ့စည်းထားသည့်အသင်းကြီး၏ စွမ်းအားဖြစ်ထွန်းနေမှုကို အရှိန်အဟုန် မြှင့်တင်ပြီး နိုင်ငံတော်အစိုးရက အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မိခင်များနှင့် ကလေးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ လူမှုဘဝတိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များမှာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုများဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မိမိတို့တတ်နိုင်သည့် ကဏ္ဍများမှနေ၍ ပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အသိအမှတ်ပြု

ဘာသာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ မတူညီမှုနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ နယ်မြေမအေးချမ်းမှု အခြေအနေများပင် ရှိလင့်ကစားဝေးလံခေါင်ဖျားသောနေရာများအထိ ရောက်အောင် အသင်းကြီး၏ ယုံကြည်ချက်နှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းအသီးသီး၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကဏ္ဍမှာ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေးနှင့် မိခင်နှင့်ကလေး သေနှုန်းကျဆင်းရေးအတွက် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အသင်းအတွင်းရေးမှူး ဒေါ်သဇင်နွယ်က ၂၀၁၁ ခုနှစ် လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင်စာရင်းစစ် ဒေါ်သန်းဝင်းက ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်တင်တင်ဝင်းက ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်ငွေစာရင်းရှင်းတမ်းနှင့် ၂၀၁၁-၂၀၁၂ ရသုံးမှန်းခြေ စာရင်းများကို ဖတ်ကြားတင်သွင်းကြပြီး သဘာပတိက စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို အတည်ပြုသည်။

ထို့နောက် ကချင်၊ ကယားနှင့် ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များက ၂၀၁၁ ခုနှစ် နှစ်ချုပ် အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်၍ ချင်းပြည်နယ်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများ၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များက ၂၀၁၁ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

မီးမှန်သမျှ သုံးတတ်က
မှချမီးဘေး စဉ်ကင်းဝေး

ရခိုင်မိုးကြောင့် ခရီးသည်တင်ကားများ အခက်တွေ့ခဲ့ လမ်းဖောက် ဒိုဇာကားများ အကူအညီဖြင့် မောင်းနှင်ခဲ့ရ

မြောက်ဦး မေ ၂

မုတ်သုံအကြိုမိုးရွာသွန်းမှုများ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း ဧပြီ ၂၈ ရက်နောက်ပိုင်း ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ ဆက်သွယ်မောင်းနှင်လျက်ရှိသည့် ခရီးသည်တင်ကားများ အခက်တွေ့ကာ သွားလာမှုကြန့်ကြာခဲ့ရကြောင်း သိရှိရသည်။

"မိုးကဟိုမှာရွာတော့ တောင်ကျရေတွေကျလာတယ်။ ခရီးစဉ်တွေက သကြင်္န်ရက် ပြီးခါစဆိုတော့ အရမ်းကိုကျပ်နေတာ။ အခုလို မိုးတွေရွာတော့ ခရီးသည်တင်ကားတွေအနေနဲ့ စလစ်ဖြစ်တာ၊ နွံနစ်တာမျိုးတွေကြုံရတယ်။ တချို့ကားတွေဆိုရင် တောင်ကြားထဲမှာပဲ ညအိပ်လိုက်ရတာတွေတောင်ရှိခဲ့တယ်။ တော်သေးတာက လမ်းဖောက်နေတဲ့ ဒိုဇာကားတွေရဲ့အကူအညီနဲ့ ကားတွေကို မောင်းနှင်စေခဲ့ရတယ်" ဟု မြောက်ဦးသို့အလည်အပတ်သွားရောက်ခဲ့သူတစ်ဦးက ပြောပြသည်။

ရခိုင်ဒေသသို့ သွားရောက်သည့်ခရီးသည်တင်ကားများမှာ ဟွန်ဒိုင်းကားများဖြစ်ပြီး ခရီးလမ်းကြမ်းတမ်းမှုနှင့် မိုးရွာသွန်းမှုများကြောင့် ကားများမှာ ဆီပိတ်ခြင်း၊ အင်ဂျင်ပူခြင်းနှင့် စက်ရပ်သွားခြင်းများဖြစ်ပေါ်ကာ မကြာခဏ ဆင်းတွန်းရခြင်းအပြင် စလစ်ဖြစ်ခြင်း၊ နွံနစ်ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ပိုမိုများပြား

"ရခိုင်လမ်းတွေက ဒီလိုပဲ မိုးတွင်းဆိုရင် လမ်းချော်တယ်။ နွေဆိုရင် ဖုန်ထတယ်။ ခရီးက အလွန်ပြင်းတယ်။ အခုလည်း လမ်းဖောက်နေတဲ့ ဒိုဇာတွေက ရှေ့ကနေဆွဲပေးမှ ရွေ့တာသာကြည့်တော့"ဟု ရခိုင်အမျိုးသားတစ်ဦးက အမ်းတောင်ကြားလမ်းမှ အဖြစ်အပျက်တစ်ခုကို ပြောကြားသည်။ ယခုနှစ် ပွင့်လင်းရာသီမှစတင်ကာ ခရီးလမ်းများ ယခင်ကထက် ပိုမိုကောင်းမွန်လာပြီး ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများလည်း ပိုမိုကောင်းမွန်လာသဖြင့် ရခိုင်ဒေသ ငပလီကမ်းခြေနှင့် မြောက်ဦးမြို့များသို့ ကုန်းလမ်းခရီး၊ ရေလမ်း(ရှပ်ပြေး)ခရီးများဖြင့် လာရောက်သူ ပိုမိုများပြားလာခဲ့ကြောင်း ဒေသခံများ၏ အဆိုအရ သိရှိရသည်။ **(ခင်ရတနာ)**

မိုးမြင့်လင်းလက် - စုစည်းသည်

အာဂျင်တီးနား၌ အီးယူအဆောက်အအုံအနီး ဗုံးပေါက်ကွဲ၊ အဆောက်အအုံအချို့ပျက်စီး

ဗျူနိုအေရိစ် မေ ၂

အာဂျင်တီးနားနိုင်ငံ မြို့တော်ဗျူနိုအေရိစ်ရှိ အီးယူအဆောက်အအုံတွင် မေ ၂ ရက် နံနက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အီးယူအဆောက်အအုံအစိတ်အပိုင်းအနည်းငယ်ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပြုလုပ်လျက်ရှိ

ထိုသို့ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း အာဂျင်တီးနားရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

ဗုံးပေါက်ကွဲမှုကြောင့် အီးယူအဆောက်အအုံ၏ ပြတင်းမှန်တံခါးများကွဲပြီး အချို့အစိတ်အပိုင်းများပျက်စီးကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက ယင်းနေရာ၌ လုံခြုံရေးတင်းကျပ်ကာ စစ်ဆေးလျက်ရှိကြောင်း ၎င်းတို့က ထပ်မံပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိနေအိမ်များ တုန်ခါမှုဖြစ်ခဲ့သော်လည်း ပျက်စီးမှုမရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ အထူးတိုးမြှင့်ချထားမှုကို တွေ့ရစဉ်။

အိုစမာဘင်လာဒင်သေဆုံးမှု တစ်နှစ်ပြည့် ပါကစ္စတန်နိုင်ငံ၌ လုံခြုံရေးများတင်းကျပ်ထား

အစ္စလမ္မာဘတ် မေ ၂

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် မေ ၂ ရက်က ကျရောက်သည့် အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးမှု တစ်နှစ်ပြည့်နေ့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နိုင်သဖြင့် နေရာအနှံ့အပြားတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ အထူးတိုးမြှင့်ချထားကြောင်း ပါကစ္စတန်အရာရှိများက မေ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တင်းကျပ်စွာချထား

အထူးသဖြင့် အိုစမာဘင်လာဒင်သည် ဇနီးသုံးဦးနှင့်အတူ ကလေးငယ်များအပါအဝင် သူ၏အစောင့်အရှောက်များနှင့် နေထိုင်ခဲ့သောအရပ်၌ ရဲတပ်ဖွဲ့ဝင်များ ထူထပ်စွာချထားပြီး လုံခြုံရေးတင်းကျပ်ထားသည်။ အိုစမာဘင်လာဒင်သည် အမေရိကန်ရေတပ်အထူးတပ်ဖွဲ့ဝင်များ စီးနင်းတိုက်ခိုက်ခံရမှုကြောင့် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် မေ ၂ ရက်၌ သေဆုံးခဲ့သည်။ ထိုသို့သေဆုံးမှုကြောင့် တာလီဘန်လက်နက်ကိုင် အကြမ်းဖက်သမားများက ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်လာခဲ့သည်။ ပြီးခဲ့သည့်နှစ်က ရဲလေ့ကျင့်ရေးကျောင်း အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၁၀၀ ခန့် သေဆုံးခဲ့သည်။ **(အင်တာနက်)**

ဘာစီလိုနာမြို့ရှိ ကိုလံဘတ်အထိမ်းအမှတ်အဆောက်အအုံ၌ ပိတ်မိနေသော ကမ္ဘာလှည့်ခရီးသွားများအားကယ်ဆယ်နိုင်

ဘာစီလိုနာ မေ ၂

စပိန်နိုင်ငံ ဘာစီလိုနာမြို့ရှိ ကိုလံဘတ်အထိမ်းအမှတ်အဆောက်အအုံတွင် မေ ၁ ရက်က ပြိုကျမှုဖြစ်ပွားရာ ပိတ်မိနေသော ကမ္ဘာလှည့်ခရီးသွားခြောက်ဦးကို မီးသတ်တပ်ဖွဲ့ဝင်များက မိုးပျံဝန်ချီစက်ဖြင့် ဘေးကင်းရာသို့ ကယ်ဆယ်ခဲ့ရကြောင်း မေ ၂ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

အဆိုပါကမ္ဘာလှည့်ခရီးသွားခြောက်ဦးပါအုပ်စုသည် ဘာစီလိုနာမြို့ရှိ ကိုလံဘတ်အဆောက်အအုံ မီတာ ၆၀ အမြင့်ရှိအထပ်၌ လေ့လာမှုများပြုလုပ်နေစဉ် ထိုသို့ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ခဲ့ရ

ထို့ကြောင့် ဘာစီလိုနာမီးသတ်တပ်ဖွဲ့ဝင်များက မီတာ ၆၀ အမြင့်၌ ပိတ်မိနေသော ကမ္ဘာလှည့်ခရီးသည်များအား မိုးပျံဝန်ချီစက်ဖြင့် သွားရောက်ကာ ကယ်ဆယ်ခဲ့ရခြင်းဖြစ်သည်။ နယ်မြေသစ်ရှာဖွေခဲ့သော ကိုလံဘတ်သည် စပိန်နိုင်ငံသို့ ပြန်ရောက်သည့်အထိမ်းအမှတ်အဖြစ် ဘာစီလိုနာမြို့၌ ကိုလံဘတ်အထိမ်းအမှတ်ရုပ်တုအဆောက်အအုံကို ၁၈၈၈ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

လက်ဘနွန်နိုင်ငံနယ်စပ်တွင် နယ်ခြားတံတိုင်း အစ္စရေးတည်ဆောက်

ဘေရွတ် မေ ၂

အစ္စရေးစစ်တပ်သည် လက်ဘနွန်နိုင်ငံနယ်စပ်တွင် နယ်ခြားတံတိုင်းကို မေ ၁ ရက်က စတင်တည်ဆောက်လျက်ရှိပြီး အစ္စရေးအခြေစိုက်အိမ်ရာ မီတူလာမှ လက်ဘနွန်နယ်စပ်မြို့ ကေဖာကီလာအား ယင်းတံတိုင်းဖြင့် ပိုင်းခြားမည်ဖြစ်သည်။

ကြေညာခဲ့

သီတင်းပတ်အတန်ကြာ တည်ဆောက်ရမည့် အဆိုပါတံတိုင်း **(ယာပုံ)**ကို လက်ဘနွန်ဘက်မှ ပစ်ခတ်မှုများအား ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်ကြောင်း အစ္စရေးရေဒီယိုထုတ်လွှင့်မှုက ကြေညာခဲ့သည်။

လက်ဘနွန် ကေဖာကီလာမြို့ဘက်မှ စနိုက်ပါပစ်ခတ်မှုများကို ကာကွယ်နိုင်ရေး နယ်ခြားတံတိုင်းတည်ဆောက်သည့် ယခုစီမံကိန်းကို အစ္စရေးစစ်တပ်က ဇန်နဝါရီလအတွင်းက ကြေညာထားပြီးဖြစ်သည်။

၂၀၀၆ ခုနှစ်အတွင်းက လက်ဘနွန်ဘက်မှ ဟစ်ဇ်ဘိုလာလှုပ်ရှားမှုများကို အစ္စရေးတို့ အပြင်းအထန်ချေမှုန်းရာတွင် လက်ဘနွန်ဘက်မှ အရပ်သားများ အများစုဖြစ်သည့် သေဆုံးသူ ၁၂၀၀ ရှိခဲ့ပြီး အစ္စရေးတို့ဘက်တွင် စစ်သားအများစုဖြစ်သော သေဆုံးသူ ၁၆၀ သာရှိခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



အီရတ်မှ ဗုံးခွဲတိုက်ခိုက်မှုနှစ်ခုတွင် လူလေးဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဧပြီ ၃၀ ရက်က ဗုံးခွဲမှုနှစ်ခုအတွင်း လူလေးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန အရာရှိတစ်ဦးက မတ် ၁ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်မှ ရှီးယိုက်အများစုနေထိုင်ရာဒေသတွင် ဧပြီ ၃၀ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရသည်။ **(ဝဲပုံ)**

ဒဏ်ရာရရှိ

နောက်တစ်နေရာဗုံးခွဲတိုက်ခိုက်မှုမှာ ဆာဒါးစီးတီး၌ဖြစ်ပြီး အီရတ်စစ်ယာဉ်အနီးကို ဗုံးခွဲတိုက်ခိုက်သဖြင့် အစိုးရတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားသည်။

(အင်တာနက်)

နေတိုးလောင်စာဆီယာဉ်ခြောက်စီးကို တာလီဘန်တို့ မီးရှို့ဖျက်ဆီး

ကဘူးလ် မေ ၂

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဖာရာပြည်နယ်အတွင်း နေတိုးတပ်ဖွဲ့ဝင်များအတွက် လောင်စာဆီများသယ်ဆောင်လာသည့် ယာဉ်တန်းကို အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အနည်းဆုံးသုံးဦးသေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လောင်စာဆီတင်မော်တော်ယာဉ်တန်းကို ဧပြီ ၃၀ ရက် ညနေက ဖာရာပြည်နယ် ဘက်ဝါမြို့၌ တာလီဘန်အကြမ်းဖက်သမားများက တိုက်ခိုက်ပြီး နေတိုးယာဉ်ခြောက်စီးကို မီးရှို့ဖျက်ဆီးသည့်အပြင် အာဖဂန်နစ္စတန်လုံခြုံရေးအစောင့် သုံးဦးကို သတ်ပစ်လိုက်သည်။ အာဖဂန်နစ္စတန်လုံခြုံရေးအစောင့်သုံးဦးလည်း ဒဏ်ရာရရှိသွားသည်ဟုဆိုသည်။ တာလီဘန်အကြမ်းဖက်သမားများလည်း သေဆုံးကြောင်း၊ သို့သော် အရေအတွက်မည်မျှထိသေဆုံးသည်ကို မသိရသေးကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂-၅-၂၀၁၂

တင်မောင်လှိုင်-စုစည်းသည်

တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးသက်မုန်တိုင်းကျ ရှန်လူးလေဆိပ်၌ ခရီးသည် ထောင်နှင့်ချီသောင်တင်

တရုတ်နိုင်ငံတောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဧပြီ ၁ ရက် ညနေပိုင်းက မိုးသက်မုန်တိုင်းများ ခုနစ်နာရီနီးပါးကျရောက်မှုကြောင့် ရှန်လူးနိုင်ငံတကာလေဆိပ်တွင် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး ခရီးသည် ထောင်နှင့်ချီသောင်တင်နေခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါမိုးသက်မုန်တိုင်းများသည် စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် ည ၈ နာရီ မိနစ် ၄၀ ခန့်မှ နံနက် ၄ နာရီခန့်အထိ ဆက်လက်ဖြစ်ပေါ်မှုကြောင့် မိုးရေချိန်ပမာဏမီလီမီတာ ၂၀ အထိ ရောက်ရှိခဲ့သည်။ ယင်းမိုးသက်မုန်တိုင်းကြောင့် လေဆိပ်ရှိ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်အဆင်းအတက်ပြုလုပ်ရာ နေရာများတွင် ရေများစုပြုံစီးဝင်လာခဲ့သည်ဟု ဆိုသည်။ အတွင်းလေကြောင်းလိုင်း ၃၉လိုင်းနှင့် အခြားလေကြောင်းလိုင်း ၇၂ ခုတို့မှာလည်း ခရီးစဉ်များ ရောက်ရှိနိုင်ခြင်းမရှိမှုကြောင့် ပျံသန်းမှုများ ဖျက်သိမ်းခဲ့ရပြီး ပြည်တွင်းလေယာဉ်ခရီးစဉ်လေးခုလည်း လေဆိပ်သို့ ပြန်လည်မောင်းနှင်ဆင်းသက်ခဲ့ရကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။

ဆိုမာလီအလယ်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဆိုမာလီနိုင်ငံအလယ်ပိုင်း ဒူဆမ်မာရက်မြို့ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားရာ ဆိုမာလီအစိုးရအရာရှိနှစ်ဦးသေဆုံးပြီး ဒါဇင်ကျော်ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များက ဧပြီ ၁ရက်တွင် ပြောကြားသည်။

အသေခံဖောက်ခွဲရေးသမားသည် ဒူဆမ်မာရက်မြို့ရှိ လက်ဖက်ရည်ဆိုင်၌ ဆိုမာလီအစိုးရအရာရှိများနှင့် ဒေသအတွင်းခေါင်းဆောင်များ အုပ်ချုပ်မှုပိုင်းဆိုင်ရာများနှင့် ဒေသဆိုင်ရာအကြောင်းကိစ္စများ ဖွဲ့စည်းဆွေးနွေးနေစဉ် ၎င်း၌ ပါရှိသည့် ဖောက်ခွဲရေးပစ္စည်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် အစိုးရအရာရှိနှစ်ဦးသေဆုံးပြီး အခြားဒါဇင်ကျော်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူအများစုမှာ အရပ်သားများဖြစ်ပြီး လက်ဖက်ရည်ဆိုင်မှာလည်း ဆိုးရွားစွာ ပျက်စီးသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများကပြောကြားသည်။

မက္ကဆီကိုနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ချီယာပတ်စ်ပြည်နယ် အရှေ့ဘက်ကမ်းလွန်တွင် မတ် ၁ ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း ဒေသတွင်းရှိ ရေဒီယိုဌာနတစ်ခုက ထုတ်လွှင့်ခဲ့သည်။

အဆိုပါငလျင်သည် ယင်းနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၃ မိနစ်က လှုပ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဘူမိဗေဒဌာန၏ ထုတ်ပြန်ချက်အရ ယင်းငလျင်သည် မြောက်လတ္တီတွဒ် ၁၄ ဒသမ ၄၂၀၃ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် ၉၂ ဒသမ ၉၆၉၄ ဒီဂရီကြား မြေအောက် ၄၄ ဒသမ ၀၀ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းသုတ

နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ

အကြမ်းဖက်ခြိမ်းခြောက်မှုအန္တရာယ်ကို ဖြေရှင်းကြရာတွင်....

သတင်းမှတ်စု-တိုး

ကမ္ဘာတစ်ဝန်းအလိုရှိဆုံး အကြမ်းဖက်အဖွဲ့ အယ်လ်ခိုင်ဒါ ခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးသည်မှာ ယနေ့ ၂၀၁၂ ခုနှစ် မေ ၂ ရက်တွင် တစ်နှစ်တိတိရှိပြီဖြစ်သည်။ အိုစမာဘင်လာဒင်ကို ပါကစ္စတန်နိုင်ငံ အဘောက်တာဘတ်မြို့ရှိ ၎င်း၏ နေအိမ်၌ ၂၀၁၁ ခုနှစ် မေလ ၂ ရက်နေ့တွင် အမေရိကန်ရေတပ် အထူးတပ်ဖွဲ့ဝင်များက အသေဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

အမေရိကန်နှင့် ပါကစ္စတန်သည် အိုစမာဘင်လာဒင်ကို နှစ်ပေါင်းများစွာ ပူးပေါင်းခြေရာခံပြီး အာဖဂန်နစ္စတန် နယ်စပ်အနီးတွင် အစွန်းရောက်သမားများအား အတူချေမှုန်းခဲ့ကြသည်။

သို့သော် ဤတစ်ကြိမ် အိုစမာဘင်လာဒင် ချေမှုန်းရေး၊ စစ်ဆင်ရေးနှင့် ပတ်သက်၍ သတင်းပေါက်ကြားကာ အစီအစဉ်ပျက်မည်စိုးသဖြင့် အမေရိကန်က ပါကစ္စတန်ကို ကြိုတင်အသိမပေးဘဲ ကိစ္စပြီးစီးမှ အသိပေးခြင်းဖြစ်သည် ဆို၏။

မည်သို့ပင်ဖြစ်စေ ပါကစ္စတန်ပိုင်နက်အတွင်း ဝင်ရောက်ချေမှုန်းမှုနှင့် တကွ နောက်ပိုင်း ၂၀၁၁ ခုနှစ် နိုဝင်ဘာလက အမေရိကန်လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန် နယ်စပ်အနီး ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးမှုတို့ကြောင့် အမေရိကန်နှင့် ပါကစ္စတန်ဆက်ဆံရေးတွင် တင်းမာမှုရှိလာသည်က အမှန်ပင်ဖြစ်သည်။

ဆယ်စုနှစ်နှင့် ချီ၍ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ပုန်းအောင်းနေခဲ့ရသည့် အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်သည် သူ့မိသားစုနှင့် အယုံကြည်ရဆုံး ဆက်သားတစ်ဦး အပါအဝင် လူပေါင်းနှစ်ဒါဇင်ခန့်နှင့် အတူ ပါကစ္စတန်နိုင်ငံ အဘောက်တာဘတ်မြို့ရှိ သုံးထပ် အဆောက်အအုံ နေအိမ်ခြံဝင်းအတွင်း အခြေချနေထိုင်လာသည်မှာ နှစ်အတန်ကြာရှိပြီဟု ဆိုသည်။

ထိုဆက်သားကိုခြေရာခံကာ ထောက်လှမ်းရသည်မှာလည်း နှစ်အတန်ကြာခဲ့ပြီးနောက် အိုစမာဘင်လာဒင် တစ်ဦးထိုခြံ၊ ထိုအိမ်၌ နေထိုင်သည့် လက္ခဏာရှိကြောင်း အမေရိကန် စီအိုင်အေအဖွဲ့က ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလတွင် အမေရိကန်သမ္မတ အိုဘားမားအား တင်ပြလိုက်သည်။ သမ္မတအိုဘားမားက သူ၏ အမျိုးသားလုံခြုံရေးကောင်စီနှင့် သုံးလေးကြိမ် အစည်းအဝေးထိုင်ပြီးနောက် ထိုခြံဝင်းကို တိုက်ရန် ၂၀၁၁ ခုနှစ် ဧပြီ ၂၉ ရက်တွင် အမိန့်ပေးရာမှ အမေရိကန် ရေတပ်အထူးတပ်ဖွဲ့က ရဟတ်ယာဉ်နှစ်စင်းဖြင့် သွားရောက်ဖမ်းဆီးခြင်း ဖြစ်သည်။ စစ်ဆင်ရေးအတွင်း ရဟတ်ယာဉ်တစ်စင်း ပျက်သွားခဲ့သည်။ သို့သော် မိနစ် ၄၀ နီးပါးအချိန်အတွင်း စစ်ဆင်ရေး အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

အကြမ်းဖက်ခေါင်းဆောင် ဘင်လာဒင် ခိုအောင်းခဲ့ရာ အဆောက်အအုံကို ဂြိုဟ်တုမှဆစ်ဆင့် ဤသို့ တွေ့ရသည်။

အိုစမာဘင်လာဒင်နှင့် သူ့ဇနီးကို နေအိမ်တတိယထပ်တွင် ရေတပ်အထူးတပ်ဖွဲ့ဝင်များအား ပြန်လည် ရန်မူလာမည့် လက္ခဏာရှိသဖြင့် အထူးတပ်ဖွဲ့ဝင်များက အသေဖမ်းလိုက်ခြင်းဖြစ်သည် ဆို၏။

မည်သို့ပင်ဖြစ်စေ ခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးသည့်အတွက် အယ်လ်ခိုင်ဒါအဖွဲ့အနေဖြင့် များစွာ အထိနာသွားရသည်။ အယ်လ်ခိုင်ဒါအဖွဲ့၏ အကြမ်းဖက်မှုကြောင့် အာဖရိကတိုက်နှစ်နိုင်ငံနှင့် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အမေရိကန်မြို့ကြီးများတွင် အထိနာခဲ့မှုကို မေ့မရသေးသည့် အမေရိကန်ပြည်သူတို့က ဗုဒ္ဓင်စစ်ဆင်ရေးကို အောင်ပွဲခံကြိုဆိုခဲ့ကြသည်။

အိုစမာဘင်လာဒင် သေပြီဆိုသော သတင်းမှာ ထိုနေ့က တောမီးလောင်သကဲ့သို့ တစ်ခဏချင်း တစ်ကမ္ဘာလုံးသို့ ပျံ့သွားခဲ့သည်။ ထင်ရှားသည့် ကမ္ဘာ့ခေါင်းဆောင်များကလည်း အမျိုးမျိုး ကြိုဆိုစကားများ ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် ဖမ်းမိသည့် အိုစမာဘင်လာဒင်၏ ဇနီးသုံးဦးနှင့် သားသမီးများကို ပါကစ္စတန်အာဏာပိုင်များက ဥပဒေအရ အရေးယူခဲ့သည်။ ဇနီးသုံးဦးကို ၎င်းတို့ဆန္ဒနှင့်အညီ ပါကစ္စတန်က ဆော်ဒီအာရေဗျသို့ ပြည်နှင်ဒဏ်ပေးလိုက်သည်။ ဇနီးနှစ်ဦးမှာ ဆော်ဒီအာရေဗျမှဖြစ်ပြီး ကျန်ဇနီးတစ်ဦးမှာ ယီမင်နိုင်ငံမှဖြစ်ရာ ၎င်းသည် ဆော်ဒီအာရေဗျမှတစ်ဆင့် ယီမင်သို့ သွားဖွယ်ရှိသည်။ ကလေးများလည်း မိခင်များနှင့် အတူ ပါကစ္စတန်မှ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။ ထို့ပြင် ပါကစ္စတန် အာဏာပိုင်များက အိုစမာဘင်လာဒင်နှင့် ဇနီး သားသမီးများ နေထိုင်ခဲ့ရာ နေအိမ်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖြိုဖျက်ပစ်လိုက်သည်။

အိုစမာဘင်လာဒင် မသေမီ အဘောက်တာဘတ်မြို့၌ နေထိုင်သည်ကို ပါကစ္စတန်အာဏာပိုင်တစ်ဦးဦး သိကို သိရမည်ဟု အမေရိကန်အရာရှိကြီးအချို့က ယုံကြည်နေသည်။ ပါကစ္စတန်ဘက်ကမူ လုံးဝမသိကြောင်း ငြင်းဆိုခဲ့သည်။ ဘာပဲဖြစ်ဖြစ် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်ကို ပါကစ္စတန်နိုင်ငံအတွင်း လျှို့ဝှက်ဝင်ရောက် အသေဖမ်းမှုကြောင့် နိုင်ငံအချုပ်အခြာ အာဏာ ထိပါးသည်ဟုဆိုကာ ပါကစ္စတန်ပြည်သူတို့ မကျေမနပ် ဖြစ်သကဲ့သို့

အိုစမာဘင်လာဒင်အား ဝင်ရောက်စီးနင်းသည်ကို တီဗွီမှတစ်ဆင့် အမေရိကန်သမ္မတ အိုဘားမားအစိုးရအဖွဲ့ ကြည့်ရှုနေစဉ်။

ပါကစ္စတန်စစ်တပ်မှာလည်း ကသိကအောက်ဖြစ်ရသည်။

ဤကိစ္စနှင့်ပတ်သက်၍ အိုစမာဘင်လာဒင်အား ယင်း၏ အကြမ်းဖက်သတ်ဖြတ်မှုများကို အကြောင်းပြုပြီး ဖမ်းဆီးကာ ခုံရုံးတင်မည့် အကြံအစည် အထမမြောက်ခဲ့သည့် ယခင်သမ္မတထက် သမ္မတအိုဘားမားက သူ့လက်ထက်တွင် အသေဖမ်း အပြတ်ရှင်းနိုင်မှုကြောင့် အမြတ်ထွက်ကာ ယခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲ၌ အမှတ်များများ ရရှိမည် ဖြစ်သည်။

အိုစမာဘင်လာဒင် ကွယ်လွန်သွားသည့်အတွက် အမေရိကန်နိုင်ငံအဖို့ ပိုမိုလုံခြုံသွားမည်မှာ သံသယရှိစရာမလိုပေ။ သို့သော် အကြမ်းဖက်ခေါင်းဆောင်တစ်ဦး ကျဆုံးခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့သော်လည်း ကမ္ဘာ့နိုင်ငံအချို့တွင် အကြမ်းဖက်ခြင်းကား မပြီးဆုံးခဲ့ပေ။ အယ်လ်ခိုင်ဒါအဖွဲ့သည် ဆိုမာလီနိုင်ငံမှ အယ်ရှာဘက် အကြမ်းဖက်အုပ်စုနှင့် ပေါင်းလိုက်ပြီဖြစ်ကြောင်း အယ်လ်ခိုင်ဒါခေါင်းဆောင်သစ် အယ်ဇာဝါဟီရီက ဖေဖော်ဝါရီ ၉ ရက်တွင် ကြေညာခဲ့သဖြင့် အမေရိကန်နှင့် မဟာမိတ်တို့အဖို့ အကြမ်းဖက်ခြိမ်းခြောက်မှု အန္တရာယ်နှင့် ရင်ဆိုင်၍ မပြီးဆုံးသေးကြောင်း အထင်အရှားဖြစ်လာသည်။

အကြမ်းဖက်မှုကို စစ်ရေးနည်းလမ်းတစ်ခုတည်းဖြင့် ဖြေရှင်း၍ မရနိုင်ဘဲ စစ်ရေးနည်းအပြင် အခြားသောနည်းလမ်းများပါ ကြံဆဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်မှုအဆုံးသတ်ကာ ငြိမ်းချမ်းသာယာသောလူ့ဘောင်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

နိုင်ငံတကာသတင်းမြင်ကွင်း

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဘွဲ့ ၁၁ ဘွဲ့ရထားသူ ဗြိတိန်နိုင်ငံမှ ဒဿနိကပါရဂူ ယာဉ်ကြောရှင်းဆိုင်းဘုတ်ထောင်ပြသည့်အလုပ်လုပ်ကိုင်

လန်ဒန် မေ ၂

ဗြိတိန်နိုင်ငံတွင် ပါရဂူဘွဲ့အပါအဝင် တက္ကသိုလ်ဘွဲ့ ၁၁ ဘွဲ့အထိ ရရှိထားပြီး ဘာသာစကားငါးမျိုးကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူ ဒေါက်တာ ဘရုစ်ဘာရီသည် ကလေးများ လမ်းဖြတ်ကူးရာတွင် အန္တရာယ်ကင်းစေရန် ယာဉ်ကြောရှင်း ဆိုင်းဘုတ်ထောင်ပြသူအဖြစ် အလုပ်လုပ်ကိုင်လျက်ရှိသည်။

ဗြိတိန်ပညာတတ် အသိုင်းအဝိုင်းတွင် ထိပ်ဆုံးအပိုင်း၌ ပါဝင်သူ ဒေါက်တာ ဘရုစ်ဘာရီသည် လက်ရှိတွင် အသက် ၇၀ ရှိပြီဖြစ်သော်လည်း ကျောင်းသားကျောင်းသူ ကလေးသူငယ်များကိုကူညီပေးရသည့် ၎င်း၏ အလုပ်နေရာသို့ လေးမိုင်ခရီးကို စက်ဘီးဖြင့် တစ်ပတ်လျှင် ငါးရက် အလုပ်ဆင်းနေသူဖြစ်သည်။

လူ့အသိုင်းအဝိုင်းအကျိုးပြုလုပ်ငန်း

"“ဘွဲ့တွေရရှိဖို့အတွက် လုံ့လစိုက် ကြိုးစားရတာကိုလည်း ဘဝမှာ အမြတ်တနိုးရှိပါတယ်။ ဒါပေမယ့် လူ့အသိုင်းအဝိုင်း အကျိုးပြုလုပ်ငန်းလုပ်ဖို့ကို ပိုပြီးတောင့်တခဲ့တာပါ။ ကလေးတွေ ကျောင်းသွား ကျောင်းပြန် ဘေးအန္တရာယ်ကင်းဝေးဖို့ လုပ်နေရတဲ့ အခုအလုပ်ကို ကျေနပ်နှစ်သိမ့်မိပါတယ်”ဟု ရှုရှားစာရေးဆရာ မက်ကင်းအကြောင်း ကျမ်းပြုခဲ့ပြီး ဒဿနိကဘာသာဖြင့် ပါရဂူဘွဲ့ရခဲ့သူ ဘရုစ်က ပြောကြားခဲ့သည်။

ဘရုစ်သည် Ph.Dဘွဲ့အပြင် BAs ဘွဲ့သုံးဘွဲ့နှင့် MAs ဘွဲ့ ခုနစ်ဘွဲ့ရရှိထားပြီး ဘာသာစကားအနေဖြင့်လည်း ပြင်သစ်၊ ဂျာမန်၊ အီတလီ၊ စပိန်နှင့် ရုရှားဘာသာစကားငါးမျိုးကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်သည်။

ပညာရေးဘက်တွင် ပါရမီထူးချွန်သူ ဘရုစ်သည် ဝတ်ခ်ဖီးမြို့တွင်းရှိ ကာရိုတန်ကျောင်းတွင် လခ ပေါင် ၂၀၀ ဖြင့် ယာဉ်ကြောရှင်းဆိုင်းဘုတ် ထောင်ပြသည့်အလုပ်ကို တစ်နေ့လျှင် မိနစ် ၉၀ လုပ်ကိုင်လျက်ရှိပြီး တစ်ကိုယ်တည်း လူပျိုကြီးဘဝတွင် အေးအေးချမ်းချမ်း နေထိုင်လျက်ရှိနေသည်။ **(အောက်ပုံ)** **(အင်တာနက်)**

ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေယာဉ်ပေါ် ဗုံးထောင်ထားသည်ဟု ခြိမ်းခြောက်ခဲ့သူအား ရဲဝန်ထမ်းများ ဖမ်းဆီးနိုင်

ရှန်ဟိုင်း မေ ၂

တရုတ်နိုင်ငံ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်တင်လေယာဉ်ပေါ်၌ ဗုံးထောင်ထားသည်ဟူသော လိမ်ညာခြိမ်းခြောက်ခဲ့သူကို စီချွမ်ပြည်နယ်တောင်ပိုင်းတွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း ဒေသအာဏာပိုင်များက အတည်ပြုကြေညာသည်။

ပြီးခဲ့သည့် ဧပြီ ၂၇ ရက်က ရှန်ဟိုင်းလေဆိပ်မှ ပျံတက်မည့် ခရီးသည်တင်လေယာဉ်ပေါ် ဗုံးထောင်ထားသည်ဟူသော ဖုန်းဖြင့် ခြိမ်းခြောက်မှုတစ်ရပ်ကို လေဆိပ်မှ လက်ခံရရှိခဲ့သဖြင့် လေယာဉ်ပျံသန်းမှု နှောင့်နှေးခဲ့ရသည်။

အဆိုပါ ခြိမ်းခြောက်သည့် ဖုန်းခေါ်ဆိုမှုကြောင့် ရဲဝန်ထမ်းများသည် ခရီးသည်များကို လေယာဉ်ပေါ်မှ ပြောင်းရွှေ့ကာ ဗုံးရှာဖွေမှုများ ပြုလုပ်ခဲ့သော်လည်း မည်သည့် ဖောက်ခွဲရေးပစ္စည်း တစ်စုံတစ်ရာမျှ တွေ့ရှိခြင်းမရှိဘဲ ခြိမ်းခြောက်မှုမှာ လိမ်ညာသည့် ခြောက်လှန့်ခြင်းတစ်ရပ်ဖြစ်ကြောင်း ဖော်ထုတ်သိရှိခဲ့သည်။

ညနေ ၆ နာရီခွဲတွင် ပျံတက်ရမည့် ယင်းခရီးသည်တင်လေယာဉ်သည် အဆိုပါ ဗုံးခြိမ်းခြောက်မှုကြောင့် ည ၁၁ နာရီ ၂၃ မိနစ်တွင် ပျံတက်နိုင်ခဲ့ပြီး အချိန်ငါးနာရီခန့် ခရီးစဉ်နှောင့်နှေးခဲ့ရသည်။ **(အပေါ်ပုံ)**

ရှန်ဟိုင်းရဲဝန်ထမ်းများက ၎င်းအမှုအား လိုက်လံစုံစမ်းရာ သံသယတရားခံ တစ်ဦးကို ဂေါင်ယန်းမြို့အတွင်း၌ ဧပြီ ၂၉ ရက်ညတွင် ဖမ်းဆီးနိုင်ခဲ့သည်။ ဖမ်းမိတရားခံဖြစ်သူက ငွေညှစ်ရန် ရည်ရွယ်၍ ဗုံးထောင်ထားသည်ဟု လုပ်ကြံခြိမ်းခြောက်သည်ဟု ဝန်ခံခဲ့ကြောင်း ရဲဝန်ထမ်းများက ပြောကြားလိုက်သည်။

(အင်တာနက်)

ဇော်ဦးခိုင် - ရေးသားသည်

အီရတ်နိုင်ငံမှ အကြမ်းဖက်မှုများ လူခုနစ်ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်း အနီးတစ်ဝိုက်တွင် သီးခြားတိုက်ခိုက်မှုများ ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် ကာမာလီယာအရပ်တွင် အိမ်ရှင်မတစ်ဦးမှာ ၎င်း၏ ၁၃ နှစ်အရွယ် သားတစ်ဦး၊ ငါးနှစ်နှင့် ခုနစ်နှစ်အရွယ် သမီးနှစ်ဦးတို့နှင့်အတူ မေ ၁ ရက်က ဓားထိုးခံရပြီး သေဆုံးသွားကြောင်း သိရသည်။

ထို့ပြင် ဘဂ္ဂဒက်မြို့တော်မှ ဗုံးခွဲတိုက်ခိုက်မှုတစ်ခုတွင် လူနှစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားသည်။ အခြားသော ဗုံးဖောက်ခွဲမှုတွင် အီရတ်စစ်တပ်မှ ဗိုလ်မှူးတစ်ဦးသေဆုံးပြီး စစ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

ကိုမိုရို့စ်နိုင်ငံတွင် ပြည်သူ ၄၆၀၀၀ ကျော် ရေလွှမ်းမှုများကြုံတွေ့နေရဟု ကုလသမဂ္ဂပြောကြား

ဂျီနီဗာ မေ ၂

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကျွန်းစုနိုင်ငံ ကိုမိုရို့စ်တွင် ဧပြီ ၂၀ ရက်မှ စတင်ပြီး မိုးများ သည်းထန်စွာ ရွာသွန်းသဖြင့် ပြည်သူ ၄၆၀၀၀ ကျော် ရေလွှမ်းမှုများ ကြုံတွေ့နေပြီး ပြည်သူ ၉၀၀၀ ကျော် ဘေးကင်းရာသို့ ရွှေ့ပြောင်းနေရာချပေးထားရကြောင်း ကုလသမဂ္ဂက ဧပြီ ၁ ရက်တွင် ကြေညာသည်။

ရေလွှမ်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ဒုက္ခသည်များအတွက် လိုအပ်သည့် အကူအညီအထောက်အပံ့များဖြစ်သည့် သောက်သုံးရေ၊ အစားအစာ၊ ရေဘေးသင့်ခိုလှုံရာနှင့် မိလ္လာစနစ်တို့အပြင် ပညာရေးနှင့် ဆက်သွယ်ရေးကဏ္ဍများအတွက်ပါ ကုလသမဂ္ဂနှင့် ကိုမိုရို့စ်လခြမ်းနီအဖွဲ့တို့ ပူးပေါင်းကာ အစိုးရနှင့်အတူ စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း ကုလသမဂ္ဂ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

နိုင်ငံအတွင်း မိုးဆက်လက်ရွာသွန်းနေဦးမည်ဆိုပါက ပြည်သူများအား နေရာရွှေ့ပြောင်းပေးရမှုများ ပိုမိုဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ လိုအပ်သည့် အကူအညီထောက်ပံ့မှုများလည်း ပိုမိုဖြည့်ဆည်းရဦးမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ဆက်လက်ပြောကြားသည်။ **(ဝဲပုံ)** **(အင်တာနက်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ILO အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Greg Vines နှင့် အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှထွေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အတူ ILO အုပ်ချုပ်ရေးအဖွဲ့ အလုပ်သမားအုပ်စု ဒုတိယဥက္ကဋ္ဌ Mr. Luc Cortebeeck၊ ILO အုပ်ချုပ်ရေးအဖွဲ့ အလုပ်ရှင်အုပ်စုအတွင်းရေးမှူး Mr. Brent Wilton၊ ILO အမှုဆောင်ညွှန်ကြားရေးမှူး Mr. Guy Ryder နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးတွဲဆောင်ရွက်

တွေ့ဆုံပွဲတွင် နိုင်ငံတော်အစိုးရနှင့် International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့တို့ကြားတွင် ပူးတွဲဆောင်ရွက်နေသည့် ကိစ္စရပ်များမှ တပ်မတော်က ဆောင်ရွက်နေသည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Greg Vines နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr.Greg Vines ခေါင်းဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ILO အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr.Greg Vines ခေါင်းဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)တို့ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ အဓမ္မခိုင်းစေမှု လုံးဝပပျောက်ရေး ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးရာတွင် လုပ်ငန်းကော်မတီ၌ပါဝင်သော ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းမှုဆိုင်ရာကိစ္စများနှင့် နောက်ဆက်တွဲနားလည်မှုစာလွှာအရ အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ၂၀၁၅ ခုနှစ်မတိုင်မီ မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးအတွက် ပူးတွဲမဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေး သုံးသပ်ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဘယ်လာရုစ်နှင့် ရုရှားနိုင်ငံတို့မှ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၂

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဘယ်လာရုစ်နိုင်ငံ Production Association BELORUSNEFT ကုမ္ပဏီ၏ General Director Mr. A. Lyakhov ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မည့် အစီအမံများနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှပညာရှင်များအား BELORUSNEFT မှ နည်းပညာကျွမ်းကျင်မှု အကူအညီပေးရေးနှင့် သင်တန်းများ လက်ခံသင်ကြားပေးမည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Dr. Mikhail M.MGELADZE နှင့် ရုရှားနိုင်ငံမှ JSC DALMORNEFTEGEO PHYSICA ကုမ္ပဏီ၏ General Director Mr. Edward KROPP တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာရောက်တွေ့ဆုံပြီး ရုရှားနိုင်ငံကုမ္ပဏီမှ မြန်မာနိုင်ငံ၏ ကုန်းတွင်းနှင့်ကမ်းလွန်ရေနံလုပ်ကွက်များတွင် Seismic exploration လုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်လိုကြောင်းနှင့် ၎င်းတို့၏ Proposal ကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်း ရေနံလုပ်ငန်းများနှင့်ပတ်သက်၍ လက်ခံကျင့်သုံးနေသော နည်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းပြောကြားပြီး အဆိုပါနည်းစဉ်များအတိုင်း ဝင်ရောက်ယှဉ်ပြိုင်လုပ်ကိုင်နိုင်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်လှည့်ဆေးဝါးကုသ၊ ကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် မေ ၂

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သော နယ်လှည့်ဆေးဝါးကုသခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ဧပြီ ၂၈ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျင်းပရာ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ဝင်းကျော် ဦးဆောင်သော ၅၃ ဦးပါ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းမြို့နယ်ရှိ ပြည်သူလူထုအား အခမဲ့ဆေးကုသမှုပေးခြင်းနှင့် မိခင်မွေးကင်းစနှင့် ကလေးသေနှုန်းလျော့နည်းကျဆင်းရေး ကျန်းမာရေးပညာပေးဟောပြောခြင်းကို ပြုလုပ်ခဲ့ကြသည်။ **(အောက်ပုံ)** အဆိုပါ ကွင်းဆင်းအဖွဲ့သည် ပြည်သူလူထု ၂၀၀ကျော်အား ကျန်းမာရေးအသိပညာဟောပြောပေးခဲ့ပြီး ပြင်ပလူနာ ၃၉၇ ဦးအား လိုအပ်သည့် ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

❒ ကျော့ဖုံးမှ

စောင့်ရှောက်မှု၊ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကာကွယ်မှု၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများအား တားဆီးရေး၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်မှုနှင့် ကာကွယ်ပေးမှု၊ သန့်ရှင်းသောရေသုံးစွဲရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုအလေးပြုရေး၊ ကျန်းမာပျော်ရွှင်တဲ့မိသားစုဘဝနဲ့ နေထိုင်စားသောက်ပုံများအပြင် မျှတရိုးသားသော အားကစားစိတ်ဓာတ်တို့ကို ပညာပေးဆောင်ရွက်ခြင်းစသည့် အစီအစဉ်များဖြစ်ကာ အာရှနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံက လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုများအား ယမန်နှစ်များက လက်တင်အမေရိက၊ ကိုလံဘီယာ၊ မက္ကဆီကို၊ ဇင်ဘာဘွေနှင့် မောရစ်သျှ၊ တောင်အာဖရိကနိုင်ငံများက ရရှိခဲ့သေးကြောင်းလည်း အင်တာနက် သတင်းများအရ သိရှိရသည်။

အားဖြည့်ကူညီ

ဖော်ပြပါအစီအစဉ်ကို ကမ္ဘာကျော်ဘောလုံးသမားများဖြစ်သော လီယိုနယ်မက်ဆီ၊ ခရစ္စတီယာနိုရော်နယ်ဒို စသည်တို့က အားဖြည့်ကူညီကာ ကမ္ဘာတစ်ဝန်းရှိ လူငယ်အားကစားသမားများ အသိပညာရရှိစေရန် ရည်ရွယ်ကြောင်း သိရှိရသည်။

■ ကျော့ဖုံးမှ

လျှောက်ထားရာ၌ ရောက်ရှိနံပါတ်မှ ၁၀၀၀ အတွင်းဖြစ်ပါက မှတ်ပုံတင်ဌာန ရန်ကုန်တာဝန်ခံက ခွင့်ပြုမည်ဖြစ်ကာ အကယ်၍ အဆိုပါမော်တော်ယာဉ်သည် ရောက်ရှိနံပါတ်မှ ၁၀၀၀ ကျော်ဖြစ်ပါက ကညနရုံးချုပ် (နေပြည်တော်)သို့ တင်ပြကာ ခွင့်ပြုမိန့်တောင်းခံရမည်ဖြစ်ကြောင်း သိရှိရသည်။

လျှောက်လွှာတင်

အဆိုပါ စိတ်ကြိုက်နံပါတ်ရွေးချယ်ခွင့်လျှောက်ထားရာ၌ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများအနေနှင့် မော်တော်ယာဉ် သွင်းကုန်လိုင်စင်မိတ္တူအား ပူးတွဲကာ မှတ်ပုံတင်(သို့မဟုတ်) စိစစ်ရေးကတ်မိတ္တူဖြင့် ယာဉ်တစ်စီးစီအတွက် လျှောက်လွှာတင်ရမည်ဖြစ်သည်။

ယာဉ်များအား ၁၀၀၁ နံပါတ်မှ စတင်မည်ဖြစ်ပြီး ပေါင်းခြင်းနံပါတ် ၁၀ နှင့် ပေါင်းခြင်းနံပါတ် ၁၃ ဂဏန်းများအား ချန်လှပ်ပေးသွားမည်ဖြစ်ကာ ဈေးနှုန်းအနေနှင့် ရောက်ရှိနံပါတ်မှ ၁၀၀၀ အတွင်း စိတ်ကြိုက်ရွေးချယ်မည်ဆိုပါက ငွေကျပ် ငါးသိန်း၊ ရောက်ရှိနံပါတ်မှ ၂၀၀၀ အတွင်း ရွေးချယ်မည်ဆိုပါက ငွေကျပ်ခြောက်သိန်း စသည်ဖြင့် ရောက်ရှိနံပါတ် ထောင်ဂဏန်းလျှင် ငွေကျပ်တစ်သိန်းစီတိုးကာ ကျသင့်မည်ဖြစ်ကာ စိတ်ကြိုက်နံပါတ်အား ၉၀၀၀ ကျော်အတွက်ဆိုပါက ငွေကျပ် ၁၃ သိန်းပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရသည်။

အကယ်၍ ယာဉ်အမှတ်များအားလုံးတူအဖြစ် ရွေးချယ်လိုပါက သတ်မှတ်နှုန်းထားများ၏ နှစ်ဆပေးသွင်းကာ တရားဝင်လျှောက်ထားရယူနိုင်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည်ကို မေ ၂ ရက်က ရုံးအတွင်း တွေ့ရှိရသည်။

● ကျော့ဖုံးမှ

လူသားများနေထိုင်ရာ ကမ္ဘာဂြိုဟ်သည် နေကိုတစ်နှစ်လျှင် ၃၆၅ ရက်နှုန်းဖြင့် လှည့်ပတ်လျက်ရှိသည်။ သို့သော် အဆိုပါတွေ့ရှိခဲ့သည့် Kepler-22b ဂြိုဟ်မှာ ကမ္ဘာထက်ကြီး၍ တစ်နှစ်လျှင် ၂၉၀ ရက်နှုန်းဖြင့်လှည့်ပတ်လျက်ရှိသည်။ **(အင်တာနက်)**

ရန်ကုန်မြို့ သံလွင်လမ်း ဇောဓိရိပ်သာ အမှတ်(၁၂/က)နေ ဦးမင်းလတ် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်းငါးသောင်းလှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေနှင့်အဖွဲ့လက်ခံယူစဉ်။ (မြန်မာ့အလင်း)

တိုင်းဒေသကြီး/ပြည်နယ်အလိုက် နယ်စပ်ဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်ဘဏ္ဍာငွေမှ ကျပ်သန်းပေါင်း(၆၀၉၄၆ ဒသမ ၅၁၃) ခွင့်ပြုလျာထား

တိုင်းရင်းသားသွေးချင်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်

အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၂)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၂) ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၁၂)သည် စတင်ဖွဲ့စည်းခဲ့သည့် (၁၉၈၈)ခုနှစ်က စတင်ရေတွက်လျှင်(၆၆)ကြိမ်မြောက်ဖြစ်သလို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေနှင့် ပထမအကြိမ်မြောက်အစည်းအဝေးဖြစ်ကြောင်း၊ ၁၉၈၈ ခုနောက်ပိုင်း တပ်မတော်အစိုးရတာဝန်ယူခဲ့ချိန်တွင် တည်ငြိမ်အေးချမ်းမှုသည် အဓိကအရေးကြီးဆုံးအချက်ဖြစ်သည်ကိုခံယူပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ရာမှာ တိုင်းရင်းသားလက်နက်ကိုင် ပင်မအဖွဲ့အစည်း (၁၇) ဖွဲ့၊ အဖွဲ့ငယ် (၂၃) ဖွဲ့တို့သည် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီးဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းလာသည့်အလျောက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို နှစ်အလိုက်စီမံကိန်းများဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားအဖွဲ့အစည်းများကို စားဝတ်နေရေး အဆင်ပြေစေရန် ထောက်ပံ့ပေးခြင်း၊ ရေရှည်အခြေတကျ နေထိုင်နိုင်ရေးအတွက် မိသားစုဝင်များကို နေအိမ်ဆောက်လုပ်ပေးခြင်း၊ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် အသက်မွေးမှုလုပ်ငန်းများ ထူထောင်ပေးခြင်းတို့ကို နှစ်စဉ်အစီအမံဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် ဧပြီ ၂၃ ရက်တွင် ကျင်းပခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၁)တွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီးက "တိုင်းရင်းသား နယ်မြေများအလိုက် ရေမြေ၊ သယံဇာတ သဘာဝအရင်းအမြစ်များ မတူကြဘဲ ကွဲပြားခြားနားမှုရှိကြမှာဖြစ်သော်လည်း ဆူကြုံနိမ့်မြင့်ကွာဟမှုနည်းနိုင်သမျှနည်းပါးစေရန် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအသီးသီးကို တိုးမြှင့်ဆောင်ရွက်ပေးကြရန်" လမ်းညွှန်မှာကြားချက်နှင့်အညီ လုပ်ငန်းဆပ်ကော်မတီများအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးမှုအပေါ် ပြန်လည်သုံးသပ်ခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းလျာထားချက်များအား ပေါင်းစပ်ညှိနှိုင်း အတည်ပြုခြင်းတို့ကို ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်အလိုက် အမျိုးသားစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ရာ ၁၉၈၉-၁၉၉၀ ခု ဘဏ္ဍာရေးနှစ်မှ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ (၁၇၇ ဒသမ ၇၁၉)ဘီလီယံ၊ အခြားဝန်ကြီးဌာနများ ရန်ပုံငွေမှ (၂၈၉ ဒသမ ၈၈၆)ဘီလီယံ စုစုပေါင်း (၄၆၇ ဒသမ ၆၀၅) ဘီလီယံ ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု လေးနိုင်ငံ၊ ကုလသမဂ္ဂအဖွဲ့အစည်းခြောက်ဖွဲ့၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း (၁၇)ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်ပေါင်း (၂၇၀)မှာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာချုပ်ဆို၍ ဆောင်ရွက်ပေးခဲ့ရာ အမေရိကန်ဒေါ်လာ (၄၇၆ ဒသမ ၉၀၆) သန်းနှင့် ညီမျှသော မြန်မာငွေ ကျပ်သန်းထောင်ပေါင်း (၃၈၁ ဒသမ ၅၂၄) ကို တိုင်းရင်းသား ပြည်သူများအတွက် တိုက်ရိုက်အကျိုးပြု ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ စီမံကိန်းတချို့ကို ဖော်ပြရလျှင် ကရင်ပြည်နယ် မြိုင်ကြီးငူဒေသ ရွာပြောင်း/ရွာရှောင်မိသားစုများ အခြေချနေထိုင်ရေးနှင့် ဘဝလုံခြုံရေး သုံးနှစ်စီမံကိန်းကို ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် လမ်းပန်းဆက်သွယ်မှုအနေဖြင့် ခြေကျင်လမ်းသာရှိပြီး ပွင့်လင်းရာသီတွင် မော်တော်ဆိုင်ကယ်သာ သွားလာနိုင်ကြောင်း၊ ထို့ကြောင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်မနှင့် ဆက်သွယ်သွားလာနိုင်ရေး ဦးစွာဆောင်ရွက်ပေးပြီး နယ်စပ်တစ်လျှောက်ရှိ ကျေးရွာများကိုလည်း လမ်းကြောင်းပေါက်အောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သုံးနှစ်စီမံကိန်းဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ချင်းပြည်နယ်၏ ဆင်းရဲနွမ်းပါးမှု ရာခိုင်နှုန်းသည် ၇၃ ရာခိုင်နှုန်းရှိနေပြီး ထောင်စုနှစ်ရည်မှန်းချက်အရ မိမိနိုင်ငံ၏ ၂၀၁၅ ခုနှစ်ရည်မှန်းချက်သည် ၁၆ ရာခိုင်နှုန်း ဖြစ်သည်ကို နှိုင်းချိန်ကြည့်မည်ဆိုပါက ချင်းပြည်နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းများကို အထူးဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်ဟူသောအချက်ကို အလေးအနက်ထားသုံးသပ်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နယ်စပ်ဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျပ်သန်းပေါင်း (၆၀၉၄၆ ဒသမ ၅၁၃) ခွင့်ပြုလျာထားပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် မိမိနိုင်ငံသာမက နိုင်ငံတကာကပါ စိတ်ဝင်စားသော လုပ်ငန်းများဖြစ်ကြကြောင်း၊ ယခုအခါ နိုင်ငံတကာမှလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ၊ ကူညီထောက်ပံ့မှုများ ဆောင်ရွက်သွားမည့်အလားအလာကောင်းများ မြင်တွေ့နေရပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ အဖွဲ့အစည်းအားလုံးနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်စုံထောင့်စုံမှဖော်ထုတ်ရေးဆွဲ စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့ခေတ်ကာလ ဆောင်ရွက်မှုပုံစံသည် Top-down policy နှင့် Bottom-up Initiatives တို့ကို လက်တွေ့ကျပြီး သဟဇာတဖြစ်အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည့်ပုံစံဖြစ်သည်ကို အထူးသတိပြုရန် လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားသွေးချင်းများအနေနှင့် မိမိနိုင်ငံ မိမိဒေသအပေါ် ချစ်ခင်မြတ်နိုးပြီး မိမိဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယုံယုံကြည်ကြည်လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လာအောင်၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေလိုသည့် နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သဘောပေါက် ယုံကြည်လက်ခံလာအောင် လက်တွေ့လုပ်ကိုင်ပြသရန် လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့တစ်ခုတည်းမှဆောင်ရွက်၍ အလုံးစုံပြီးမြောက်နိုင်မည် မဟုတ်ပါကြောင်း၊ အနာဂတ်ဖွံ့ဖြိုးမှုပုံစံကိုသုံးသပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တိုင်းရင်းသားပြည်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့်ပေါင်းစည်း ပါဝင်မှုပုံစံသစ်ဖြင့်ဆောင်ရွက်ရန် လိုအပ်သည်ကို သုံးသပ်နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှ (၃၁-၃-၂၀၁၂) ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် (၁၇၇၇၁၉ ဒသမ ၇၄) သန်း၊ အခြားဝန်ကြီးဌာနများမှ ငွေကျပ် (၂၈၉၈၈၆ ဒသမ ၀၆)သန်း စုစုပေါင်းငွေကျပ် (၄၆၇၆၀၅ ဒသမ ၈၀)သန်း သုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းလမ်း၊ တံတားလုပ်ငန်း ၂၉ခု အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ တိမ်းရှောင်လာသောမိသားစုများ မိမိတို့နေရပ်သို့ အေးချမ်းစွာ ပြန်လည်နေထိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ NGO,INGO အဖွဲ့များသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာအစိုးရ/ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက လုပ်ငန်းဆပ်ကော်မတီအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်သည့် လုပ်ငန်းအခြေအနေများ တင်ပြခြင်း၊ သက်ဆိုင်ရာဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၏ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများမှ ဒေသအလိုက်ဆောင်ရွက်ခဲ့သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ် သုံးသပ်တင်ပြခြင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းလျာထားချက်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားသည်။

အဆိုပါအစည်းအဝေးတွင် ဆုံးဖြတ်ချက်(၈)ချက်နှင့် မှတ်တမ်းတင်ခြင်း(၂)ချက်တို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာနံ့သာသွေးပြိုင်ပွဲ ကျောက်ဖြူ၌ကျင်းပ

ကျောက်ဖြူ မေ ၂

ကျောက်ဖြူခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုနံ့သာသွေးပြိုင်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၈နာရီက ကျောက်ဖြူမြို့ သာသနာ့ဗိမာန်တော်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ကျောက်ဖြူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းထွန်းက အမှာစကားပြောကြားပြီး အဆိုပါပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်အသင်း (၁၁)သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက်ကကျင်းပရာ ပထမဆုရရှိသည့် မြစ်နားတန်းရပ်ကွက်အသင်းအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းထွန်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် အနောက်ပိုင်းရပ်ကွက်အသင်းအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယုခိုင်ဖြူကလည်းကောင်း၊ တတိယဆုရရှိသည့် ရခိုင်ပိုက်ဆိပ်ရပ်ကွက်အသင်းအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လှလှကျော်ကလည်းကောင်း အသီးသီးဆုချီးမြှင့်ပေးခဲ့ကြပြီး နှစ်သိမ့်ဆုများရရှိသည့် သန်ပန်ချောင်းရပ်ကွက်အသင်းနှင့် အစိုးရရပ်ကွက်အသင်းတို့အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာခင်နှင်းဆက်နှင့် ခရိုင်စာရင်းစစ်အရာရှိ ဒေါ်အောင်သိန်းတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း | စာအုပ်စင်ကဏ္ဍ | ၂-၅-၂၀၁၂

စာရေးသူ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ ရွှေစင်မြင်းမိုရ် အဘိဓမ္မာစာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးသူ စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ ရွှေစင်မြင်းမိုရ် အဘိဓမ္မာစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

စာရေးသူက ၎င်း၏ ထုတ်ဝေပြီးစာအုပ်ဖြစ်သည့် "နယသာဂရ ပဋ္ဌာန်းတရားတော်"ကို ဖတ်ရှုပြီးသော စာဖတ်ပရိသတ်များက အဘိဓမ္မာစာအုပ်ထုတ်ဖြစ်ပါက ပဋ္ဌာန်းကို ဖတ်ရှုရသည်မှာ ယခုထက် ပိုမိုရှင်းလင်းနားလည်သွားမည် ဖြစ်သကဲ့သို့ အဘိဓမ္မာ စတင်လေ့လာလိုသူများအတွက်လည်း အထောက်အကူ ဖြစ်နိုင်ကြောင်းဖြင့် အကြံပြုရေးသားကြကြောင်း၊ စာဖတ်ပရိသတ်များ၏ တိုက်တွန်းအားပေးမှုကြောင့် ဤစာအုပ်ကို ရေးသားဖြစ်ခဲ့ခြင်းဖြစ်ကြောင်း၊ စာရေးသူ၏ဘဝတွင် မြင်းမိုရ်တောင်ထက်ပင် ကျေးဇူးကြီးမားသော ကွယ်လွန်သူမိဘများကို အောက်မေ့သတိရသောအားဖြင့် စာအုပ်အမည်ကို "ရွှေစင်မြင်းမိုရ် အဘိဓမ္မာ" ဟု အမည်ပေးလိုက်ကြောင်းဖြင့် ရေးသားထားသည်။

အမှာစာရေးသူ မစိုးရိမ်စာသင်သား (သာသနပါရဂူစာသင်တိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့)က "မိမိကိုယ်ကို ဘာသာရေးရောဂါများ မရရှိအောင် အဘိဓမ္မာလက်နက်ကောင်းဖြင့်ကာကွယ်ကြပါ။ ဤစာအုပ်က ဘာသာရေးရောဂါ ကာကွယ်နိုင်ရေး ဆေးကောင်း ဆေးမွန် ထိုးနှံပေးပါလိမ့်မည်"ဟု လက်ဆောင်စကားပါးထားသည်။

အဆိုပါစာအုပ်ကို ရွှေပြည်သာစာပေက တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ဒို့ကျေးရွာဂျာနယ် အတွဲ(၉)၊ အမှတ်(၉)ထွက်ပြီ

စပါးတစ်ဧက တင်းရာကျော်ထွက်အောင် ဆောင်ရွက်ရမည့်နည်းပညာများ၊ နှမ်းသီးနှံအထွက်တိုးအောင် ဆောင်ရွက်ရန်နည်းလမ်းများ၊ မြန်မာ့ဆန်စပါးလုပ်ငန်းတွင် ဂျပန်နိုင်ငံကရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိ၊ ကမ္ဘာ့ဈေးကွက်တွင် အောင်မြင်မှုရနိုင်သည့် မြန်မာ့ကဏန်းပျော့၊ ပြည်ပသို့ရေထွက်ကုန်များ ပိုမိုတင်ပို့လာနိုင်၊ ကမ္ဘာကျော်ဘောလုံးသမားပတ်ဂျီဆန် မြန်မာနိုင်ငံသို့လာရောက်မည်၊ မဆန်းပေမယ့် ရိုးမယ်မထင် ယောရိုးရာလက်မှုလုပ်ငန်းခွင်စသည့် ဖတ်စရာ၊ မှတ်စရာများဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၁၆နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ဆောင်ရွက်

နေပြည်တော် မေ ၂

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၄၃)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းနှင့် လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

တက်ရောက်

ဧပြီ ၁ ရက်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူ (၃၇)ဦးတို့၏ အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၁၇/၂၀၁၂) နှင့် (၂၀/၂၀၁၂)တို့ဖြင့် ထုတ်ပြန်ခဲ့ပြီး ယင်းကိုယ်စားလှယ်များအနက် ယနေ့အစည်းအဝေးသို့ ကိုယ်စားလှယ်(၃၄)ဦး တက်ရောက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက် နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နောက်ဆုံးနေ့ ကျင်းပရက်ဖြစ်ပါကြောင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ယနေ့ မေ ၂ ရက်အထိ (၃)လကျော်ကာလအတွင်း ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးပထမနေ့က တင်ပြခဲ့သည့်အတိုင်း ယခုကျင်းပပြုလုပ်ခဲ့သည့် တတိယပုံမှန်အစည်းအဝေးသည် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်း၊ ဆွေးနွေး၊ အတည်ပြုနိုင်ရန် အဓိကရည်ရွယ်ချက်ထားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော်ရနိုင်သမျှအချိန်များတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးများ ကျင်းပခဲ့သည့်အတွက် စတင်ကျင်းပသောရက်မှ ယနေ့အထိ အစည်းအဝေး(၂၃)ကြိမ် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးများအတွင်း ဆောင်ရွက်နိုင်မှုများမှာ မေးခွန်းပေါင်း (၅၁၆)ခု၊ အဆိုပေါင်း(၂၅)ခု တင်သွင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မေးခွန်း၊ အဆို ဆောင်ရွက်ပြီးစီးမှုအသေးစိတ်အနေဖြင့် မေးခွန်းအပိုင်းတွင် စိစစ်ခွင့်ပြုသည့် မေးခွန်း(၅၁၆)ခုရှိပြီး ကြယ်ပွင့်ပြမေးခွန်းနှုတ်ဖြေ(၁၂၆)ခု၊ ကြယ်ပွင့်ပြမေးခွန်း စာဖြင့်ဖြေ(၁၂၉)ခု၊ ကြယ်ပွင့်မပြမေးခွန်း စာဖြင့်ဖြေ(၂၅၃)ခု၊ ရုပ်သိမ်းမေးခွန်း(၈)ခုဖြစ်ပါကြောင်း။

ဆွေးနွေးဆောင်ရွက်

အဆိုနှင့်ပတ်သက်၍ တင်သွင်းအဆိုပေါင်း(၂၅)ခုရှိပြီး အတည်ပြုအဆို (၁၆)ခု၊ မှတ်တမ်းတင်အဆို(၆)ခု၊ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့အဆို(၁)ခုနှင့် ရုပ်သိမ်းအဆို(၂)ခုဖြစ်ပါကြောင်း၊ ဥပဒေကြမ်းများဆွေးနွေးဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ဥပဒေကြမ်း(၇)ခုကို ဥပဒေအဖြစ်အတည်ပြုပြီးနောက် သတင်းထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်သို့ စတင်တင်သွင်းသည့် ဥပဒေကြမ်း(၁၆)ခုအနက် ဥပဒေအဖြစ်ထုတ်ပြန်ပြီး(၃)ခု၊ ထုတ်ပြန်ရန် ကျန်(၁)ခု၊ ဆောင်ရွက်ဆဲ(၅)ခု၊ ရုပ်သိမ်း(၂)ခု၊ မှတ်တမ်းတင်(၁)ခုနှင့် ဆောင်ရွက်ရန် ကျန်(၄)ခုဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသည့် ဥပဒေကြမ်း(၅)ခုအနက် မိမိတို့လွှတ်တော်က ပါဝင်ဆွေးနွေးဆောင်ရွက်ပြီး ဥပဒေအဖြစ်ထုတ်ပြန်ပြီး(၁)ခု၊ ထုတ်ပြန်ရန် ကျန်(၁)ခုနှင့် ဆောင်ရွက်ဆဲ(၃)ခုဖြစ်ပါကြောင်း။

ထို့ကြောင့် စာရင်းချုပ်ပါက ထုတ်ပြန်ပြီး(၇)ခု၊ ထုတ်ပြန်ရန်ကျန်(၂)ခု၊ ဆောင်ရွက်ဆဲ(၈)ခု၊ ရုပ်သိမ်း (၂)ခု၊ မှတ်တမ်းတင်(၁)ခုနှင့် ဆောင်ရွက်ရန် ကျန်(၄)ခုဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ(၈)ခုနှင့် ဆောင်ရွက်ရန် ကျန်(၄)ခုတို့ကို လာမည့်စတုတ္ထပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိသည့်အချိန်ကာလအတွင်း ယခုကဲ့သို့ မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများ မေးမြန်း၊ တင်သွင်း၊ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးကို ဖြစ်ထွန်းစေခြင်းနှင့် ကာကွယ်စောင့်ရှောက်နိုင်ခြင်းဟူသည့် ရလဒ်ကောင်းများ ရရှိစေမည်ဖြစ်ပါကြောင်း၊ အပင်ပန်းခံပြီး တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြသည့် ဥပဒေကြမ်းကော်မတီအပါအဝင် ကော်မတီ၊ ကော်မရှင်များနှင့် ကိုယ်စားလှယ်အားလုံး၏ ကြိုးစားအားထုတ်မှုကိုလည်း မှတ်တမ်းတင်အသိအမှတ်ပြုကြောင်းကို ပြောကြားလိုပါကြောင်း။

ပေါင်းစပ်ညှိနှိုင်း

လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကိုယ်စားလှယ်များတင်ပြသည့် မေးခွန်း၊ အဆိုများအပြင် ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာမဲဆန္ဒနယ်မြေလူထုအတွက် သီးခြားတင်ပြချက်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသည့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် လွှတ်တော်ကဖွဲ့စည်းထားသည့် ကော်မတီများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကို တွေ့ဆုံဆွေးနွေးခြင်းများပြုလုပ်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ ယခုကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကော်မတီအချို့နှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့၏အဖွဲ့ဝင်များအား လိုအပ်သလို ပြောင်းလဲဖြည့်စွက်တာဝန်ပေးအပ်ခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်တို့တွင် ထပ်မံဖြည့်စွက်ခြင်း၊ ကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့်စပ်လျဉ်း၍ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ကော်မတီနှင့် ကော်မရှင်များကို ခိုင်မာတောင့်တင်းစွမ်းဆောင်ရည်မြင့်မားစေပြီး လွှတ်တော်၏လုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူ ရရှိမည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်(၂)ရပ်မှာ ဥပဒေပြုရေးတာဝန်နှင့် အပြန်အလှန်ထိန်းကျောင်းရေးတာဝန်တို့ပင် ဖြစ်ပါကြောင်း၊ ဤနေရာတွင် လွှတ်တော်ကိုအလေးထား တင်ပြလိုသည်မှာ ဥပဒေပြုရေး ဖြစ်ပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်တင်ပြချက်အရ မိမိတို့အစိုးရသစ် စတင် တာဝန်ထမ်းဆောင်ချိန်တွင် မြန်မာနိုင်ငံ၌ တည်ဆဲဥပဒေပေါင်းမှာ (၄၀၁)ခု ရှိခဲ့ပြီး အစိုးရသစ်လက်ထက် လွှတ်တော်မှတစ်ဆင့်တင်ပြပြီး ပယ်ဖျက်ခဲ့သော ဥပဒေ(၅)ခုရှိသဖြင့် ဥပဒေပေါင်း (၃၉၆)ခုသည် တည်ဆဲဥပဒေအဖြစ် ကျန်ရှိပါကြောင်း၊

ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၄)ဦးတို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

ကတိသစ္စာပြုလက်မှတ်ရေးထိုးခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈(ခ)အရ ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၃၄)ဦးတို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြသည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုကြောင်းအကြောင်းကြားစာ ပေးပို့ခြင်းမရှိသည့်အတွက် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း သဘောတူဆုံးဖြတ်သည်။

လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကပြောကြားရာတွင် ယနေ့သည် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး၏ (၂၃)ရက်မြောက်နေ့နှင့်

အထက်ပိုင်းဒေသများတွင် နေ့အပူချိန်များတိုးလာနိုင်

နေပြည်တော် မေ ၂

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ဟသ်ာတမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၂၄ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် မော်ဘီမြို့တွင် ၁ ဒသမ ၄၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ကံထူးရှင်ရွေးချယ်

ရန်ကုန် မေ ၂

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ အကြိမ်(၂၈၀)မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၁၅၀၀)
ဖ-၁၈၉၀၇၁

ကျပ်သိန်း(၁၀၀၀)
က-၇၄၅၂၄၄

ကျပ်သိန်း(၅၀၀)
စ-၂၇၇၀၃၉

ကျပ်သိန်း(၃၀၀)
ဃ-၈၅၅၄၆၅

ကျပ်သိန်း(၂၀၀)ဆုများ
ဌ-၅၈၀၄၄၂ ဌ-၉၇၄၆၄၇

ကျပ်သိန်း(၁၀၀)
(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဖ-၄၅၆၂၄၉	ထ-၆၅၆၀၆၉
ဆ-၅၄၀၉၅၂	ဒ-၁၀၆၉၄၇
ပ-၈၈၆၅၆၅	ည-၄၈၆၇၁၉
ခ-၁၂၅၃၀၉	က-၅၃၈၃၇၃
စ-၅၅၇၈၅၀	တ-၉၈၈၉၉၄
တ-၁၀၆၆၀၄	ထ-၂၉၃၆၄၇
ပ-၆၁၀၆၄၁	ဧ-၃၃၈၅၇၄

စောင့်မျှော်ရှုစား ရုပ်မြင်သံကြားအစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၃-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၇:၂၅	ကျန်းမာဖို့အတူကစားစို့
၇:၃၀	နံနက်ခင်းသတင်း
၇:၄၀	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀	အကပဒေသာ
၈:၃၀	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၄၀	International News

ညပိုင်း

၄:၃၅	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၁၀	**သန့်စွာကိုင်လေစက္ကူငွေ**
၅:၂၀	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀	**လူဖြစ်ရှုံးပါပြီကွာ**
၅:၄၀	သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၆:၂၀	ပျော်ရွှင်စေသောနေ့ရက်များ
၈:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ

MRTV-4

၃-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၄၀	**အလှနိဂုံးအပြုံးမျက်နှာ** တရားတော် ညောင်ကန်ဆရာတော်အရှင်ဣန္ဒက)
၇:၅၀	TV Shopping
၉:၁၅	လယ်ဝေးမြို့၏ရှင်ပြုအလှူတော် နတ်လူသာခုခေါ်စေသော်ဝ်

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်
ကာလ ယခုအချိန်ထိ ဥပဒေ(၁၁)ခု စုစုပေါင်း

ထို့ပြင် လက်ရှိလွှတ်တော်များအတွင်း ဆွေ
ဖြည့်စွက်ရန် အဆိုပြုထားသော ဥပဒေ (၁၄)ခု၊
ဆောင်ရွက်ဆဲဥပဒေ(၂၀)ရှိကြောင်း သိရှိရသည့်
ရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်
ဥပဒေ(၇)ခုရှိကြောင်းလည်းသိရသည့်အတွက် ပြ
တွေ့ရှိရပြီး ဥပဒေအားလုံး ဆွေးနွေးအတည်ပြု
ပါကြောင်း၊ တည်ဆဲဥပဒေများတွင် ဖွဲ့စည်းပုံအ
ယနေ့အထိ (၃၉၇)ခု ရှိမည်ဖြစ်ပါကြောင်း။

ဥပဒေပြုရေးတာဝန်ကိုထမ်းဆောင်ရာတွင်
လွှတ်တော်ကော်မတီများ၊ ကော်မရှင်နှင့် လွှတ်တေ
ကဏ္ဍအသီးသီးအတွက် ပြဋ္ဌာန်းထားသောတ
အသစ်ရေးဆွဲရန်တို့အတွက် သက်ဆိုင်ရာ ပြည်
ညှိနှိုင်းကူညီဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း
နိုင်ငံသားများ၏အကျိုးစီးပွားကို ကာကွယ်စောင့်
ဥပဒေများနှင့် မိမိတို့နိုင်ငံက လက်ခံကျင့်သုံးနေ
လေ့လာသုံးသပ်ပြီး အလေးအနက်ထား ဆောင်

ဤနေရာတွင် လွှတ်တော်ကပြဋ္ဌာန်းပေးလို
ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လု
ရှိ/မရှိ လေ့လာဆန်းစစ်နေရမည်ဖြစ်သကဲ့သို့
လိုက်နာကျင့်သုံးရေး အပြန်အလှန် ထိန်းကျော
ဤတိုက်တွန်းတင်ပြချက်များအပေါ် လွှတ်တော်က
မထားဘဲ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊
လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ
တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွား
ဥပဒေတစ်ရပ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်း
၏ ဆောင်ရွက်ချက်များအားလုံးကိုလည်း လွှတ်
ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ လွှတ်
အညီ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်
ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုး ဦးထိပ်ပန်ဆ
ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပ
ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြ
မဲဆန္ဒနယ်အတွင်းရှိ ပြည်သူများနှင့်ထိတွေ့၍ လွှ
တို့၏အခက်အခဲ၊ လိုအပ်ချက်များကို လေ့လာမှ
ဖြစ်ပါကြောင်း၊ မိမိတို့ ကိုယ်စားလှယ်များသည် နို
တာဝန်ကျေပွန်သော နိုင်ငံ့သားကောင်း ပြည်သ
အလေးအနက်ထား နှိုးဆော်တိုက်တွန်းပါကြော
ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၃
အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီး

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြု

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန် အစည်း အဝေး (၂၁) ရက်မြောက် နေ့ သို့ တက် ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၆၁)ဦးတို့ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ (၈) ပုဒ်မခွဲ (ခ)အရ ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ဘေးမသီရန်မခဘဲ မိမိတို့၏ လိုရာခရီးရောက်ပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်းနှင့် လာမည့်ဇူလိုင်လတွင် ကျင်းပရန် ခန့်မှန်းထားသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ ကိုယ်စားလှယ်များအားလုံး စုံညီစွာ တက်ရောက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သကြောင်းပြောကြားပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

စောင့်မျှော်ရှုစား ရုပ်မြင်သံကြားအစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၃-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၇:၂၅	ကျန်းမာဖို့အတူကစားစို့
၇:၃၀	နံနက်ခင်းသတင်း
၇:၄၀	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀	အကပဒေသာ
၈:၃၀	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၄၀	International News

ညပိုင်း

၄:၃၅	နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၄:၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၁၀	**သန့်စွာကိုင်လေစကျူငွေ**
၅:၂၀	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀	**လူဖြစ်ရှုံးပါပြီကွာ**
၅:၄၀	သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၆:၂၀	ပျော်ရွှင်စေသောနေ့ရက်များ
၈:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ

MRTV-4

၃-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၄၀	**အလှူနိဂုံးအပြုံးမျက်နှာ** တရားတော် (ညောင်ကန်ဆရာတော်အရှင်ဣန္ဒက)
၇:၅၀	TV Shopping
၉:၁၅	လယ်ဝေးမြို့၏ရှင်ပြုအလှူတော် နတ်လူသာဓုခေါ်စေသော်ဝ်
	Intellectual Talk
၁၂:၁၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sing of Love** (အချစ်သင်္ကေတ)(အပိုင်း-၂)
၁၂:၄၅	အံ့ဖွယ်ထူးခြားရန်ကုန်မြို့မှ တန်ခိုးကြီးဘုရားများ
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၁)
၇:၂၀	Style ရှိမှ Star ဖြစ်မယ်
၈:၅၀	တတိယအကြိမ်မြောက်နွေရာသီ ကျောင်းသားကျောင်းသူများ၏ ဝိပဿနာအထူးတရားစခန်း (ကျိုက္ကော်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၅)
၁၀:၂၀	Korea City of Seoul is Transportation
၁၁:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၃၁)

မြဝတီရုပ်မြင်သံကြား

၃-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၃	နိုင်ငံတော်သီချင်း
၇:၀၅	တရားတော်
၇:၂၀	ဓမ္မပူဇာတေး
၇:၃၅	မျိုးချစ်တပ်မတော်
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅	ဇာတ်လမ်းတို

ညပိုင်း

၄:၄၀	မွေးမြူသူတ
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒ္ဒယနှောင်ကြိုး** (အပိုင်း-၂၅)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဥပဒေ (၁၅)ခုနှင့် တတိယပုံမှန်အစည်းအဝေးကာလ ယခုအချိန်ထိ ဥပဒေ(၁၁)ခု စုစုပေါင်း (၂၆)ခုကို ပြင်ဆင်၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

သုံးသပ်ရရှိ

ထို့ပြင် လက်ရှိလွှတ်တော်များအတွင်း ဆွေးနွေးလျက်ရှိသော ဥပဒေ (၁၆)ခု၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ဖြည့်စွက်ရန် အဆိုပြုထားသော ဥပဒေ (၁၄)ခု၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်နှင့် ကော်မတီများက ပြင်ဆင်ရန်ဆောင်ရွက်ဆဲဥပဒေ(၂၀)ရှိကြောင်း သိရှိရသည့်အတွက် ပြင်ဆင်ရန်တင်ပြထားသော ဥပဒေ(၅၀)ရှိပါကြောင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က အသစ်ပြဋ္ဌာန်းရန် အဆိုပြုဆောင်ရွက်ဆဲဥပဒေ(၇)ခုရှိကြောင်းလည်းသိရသည့်အတွက် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန် ဥပဒေ(၅၇)ခုရှိကြောင်းတွေ့ရှိရပြီး ဥပဒေအားလုံး ဆွေးနွေးအတည်ပြုပြဋ္ဌာန်းနိုင်ရန် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်းကို သုံးသပ်ရရှိပါကြောင်း၊ တည်ဆဲဥပဒေများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပါ ထည့်သွင်းတွက်ချက်ပါက တည်ဆဲဥပဒေသည် ယနေ့အထိ (၃၉၇)ခု ရှိမည်ဖြစ်ပါကြောင်း။

ဥပဒေပြုရေးတာဝန်ကိုထမ်းဆောင်ရာတွင် လွှတ်တော်နှင့်လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံဆောင်ရွက်ရမည့်လွှတ်တော်ကော်မတီများ၊ ကော်မရှင်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့နှင့်ဆက်စပ်သက်ဆိုင်သည့် နယ်ပယ်၊ ကဏ္ဍအသီးသီးအတွက် ပြဋ္ဌာန်းထားသောတည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန်တို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေတစ်ရပ်သည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ/မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် မိမိတို့နိုင်ငံက လက်ခံကျင့်သုံးနေသော Convention များ၊ Treaty များနှင့် ညီညွတ်ခြင်း ရှိ/မရှိတို့ကို လေ့လာသုံးသပ်ပြီး အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

မှတ်တမ်းတင်

ဤနေရာတွင် လွှတ်တော်ကပြဋ္ဌာန်းပေးလိုက်သည့် ဥပဒေများကို ထပ်ဆင့်ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများသည် မူလဥပဒေများနှင့် ညီညွတ်ခြင်း ရှိ/မရှိ လေ့လာဆန်းစစ်နေရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံသားအားလုံး လိုက်နာကျင့်သုံးရေး အပြန်အလှန် ထိန်းကျောင်းကူညီဆောင်ရွက်ရန်တာဝန်ရှိကြောင်းကို ပြောကြားလိုပါကြောင်း၊ ဤတိုက်တွန်းတင်ပြချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊လူမျိုးစွဲ၊ ဘာသာစွဲ မထားဘဲ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ စည်းကမ်းရှိရှိ ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ယခု တတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အလွန်အရေးကြီးသည့် အမျိုးသားစီမံကိန်းနှင့် ဘတ်ဂျက်ဥပဒေတစ်ရပ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်း၊ သုံးသပ်၊ အကြံပေးဆွေးနွေးခဲ့ကြသည့် ကိုယ်စားလှယ်များအားလုံး၏ ဆောင်ရွက်ချက်များအားလုံးကိုလည်း လွှတ်တော်က မှတ်တမ်းတင်အသိအမှတ်ပြုပါကြောင်းဖြင့် ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များကို အလေးထားလေ့လာ၊ ဆန်းစစ်၊ ဝေဖန်၊ သုံးသပ်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုး ဦးထိပ်ပန်ဆင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော် ခေတ္တရပ်နားချိန်ကာလအတွင်းတွင်လည်း မဲဆန္ဒနယ်အတွင်းရှိ ပြည်သူများနှင့်ထိတွေ့၍ လွှတ်တော်၏ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူတို့၏အခက်အခဲ၊ လိုအပ်ချက်များကို လေ့လာမှတ်သားပြီး ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့်ပြည်သူများအကျိုးကိုဖော်ဆောင်နိုင်သည့် သစ္စာရှိသော၊ တာဝန်ကျေပွန်သော နိုင်ငံ့သားကောင်း ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရပ်တည်ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား နှိုးဆော်တိုက်တွန်းပါကြောင်းဖြင့်ပြောကြားသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင်ရပ်နားပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ကိုရီးယား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စတာကင်မ်ဆွန်ဟွန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို **(ယာပုံ)** ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂလ အစည်းအဝေးခန်းမ၌ ကျင်းပရာ နှစ်နိုင်ငံအကြား ဖြစ်ထွန်းလျက်ရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများအား တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခြင်ဆေးခွေနှင့် ဖယောင်းတိုင် မီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခြင်း သတိပြု

မီးလောင်လွယ်သောပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်းကို မေ့လျော့ပေါ့လျော့စွာ ထားရှိခြင်း၊ ဖယောင်းတိုင်မီးထွန်း၍ စာကြည့်ခြင်း၊ အိပ်ပျော်သွားခြင်း၊ ဖယောင်းတိုင်မီးဖြင့် မော်တော်ကားဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာ၊ ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေထွန်းခြင်း၊ မော်တော်ကားခေါင်းခန်းကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်း၊ မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ထားရှိခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားလျက်ရှိသကဲ့သို့ မလိုလားအပ်သောဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ခြင်ဆေးခွေနှင့် ဖယောင်းတိုင်မီးများ သုံးစွဲပါက လူစောင့်ထားရှိကြရန်၊ လူစောင့်မရှိပါက မီးငြိမ်းထားကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂

(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး(ရုံးခွဲ) အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပရေးနာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပူဇော်ပွဲကျင်းပရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖြည့်စွက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား
ကုလသမဂ္ဂငြိမ်းချမ်းရေးတည်ဆောက်မှု အကူအညီပေးရေးဆိုင်ရာ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ကုလသမဂ္ဂဌာနချုပ်မှ ငြိမ်းချမ်းရေးတည်ဆောက်မှု အကူအညီပေးရေးဆိုင်ရာ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် Ms. Judy Cheng Hopkins နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ (ဝပုံ)ငြိမ်းချမ်းရေး ဒေသနေပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေး ပြေလည်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးတို့အတွက် ကူညီထောက်ပံ့ပေးရေးဆိုင်ရာ ကိစ္စများ၊ ပြည်တွင်းပြည်ပအထောက်အကူ ပေးအပ်မှုများကို ပြည်သူများအကျိုးရှိရှိ ထိရောက်စွာရရှိခံစားနိုင်စေရန် စီမံခန့်ခွဲနိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်ခဲ့

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ်၌ ကျေးရွာချင်းဆက်ကားလမ်းအသစ်များဖောက်လုပ်မှု ဂျစ်ကားသာမက ယာဉ်ကြီးများပင် သွားလာနိုင်သည်အထိ လုပ်ဆောင်ပေးနေ



တွေ့ဆုံမှာကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ပလက်ဝမြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် ပလက်ဝမြို့ ကုလားတန်မြစ်ကြောင်း ဘေးဝဲယာ၌ သဘာဝတောများ ဖုံးလွှမ်းနေမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပလက်ဝမြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား လာရောက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်၏ မြို့နယ်များအနက် တောင်ဘက်ဖျား အလှမ်းဝေးဒေသလည်းဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုနည်းသည့် ဒေသဖြစ်သဖြင့် နိုင်ငံတော်သမ္မတဦးဆောင်၍ ဆင်းရဲမှုလျှော့ချရေးရည်မှန်းချက် တာဝန်များနှင့်အညီ ပြည်သူတို့၏ စားဝတ်နေရေးနှင့်ကဏ္ဍအလိုက် လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်ရှိ မြို့နယ်နှင့် မြို့နယ်ခွဲ(၁၂)ခုလုံးတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ရေအားလျှပ်စစ်နှင့် ကျေးရွာချင်းဆက် ကားလမ်းအသစ် ၂၉၉ မိုင် ဖောက်လုပ်နေမှုတွင် ဂျစ်ကားသွားလမ်းပင်မက ယာဉ်ကြီးများပင် သွားလာနိုင်သည့် အခြေအနေအထိ လုပ်ဆောင်ပေးနေကြောင်း၊ ထို့အပြင် ချင်းပြည်နယ်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်လျက်ရှိပြီး ဒေသတွင်း အေးချမ်းတည်ငြိမ်ရေးကိုလည်း နိုင်ငံတော်က ဖော်ဆောင်ပေးနေကြောင်း၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးများမှာလည်း နောင်တွင် တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုလားတန်မြစ်ကြောင်းစီမံကိန်းနှင့်အတူ ပလက်ဝဒေသအနေဖြင့် စည်ပင်တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် လုပ်ငန်းများလည်း ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဆောင်ရွက်နိုင်ရေးနှင့် ရည်ရွယ်ချက်တူသူများစုစည်း၍ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ငွေစုငွေချေးအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရပ်ဝေးကျောင်းသား ကျောင်းသူများအတွက် ကျား/မ ဘော်ဒါဆောင်လေးဆောင် တည်ဆောက်ရန် ငွေကျပ်သိန်း ၂၀၀၊ ကျောင်းရှစ်ကျောင်းပြုပြင်ရန် ငွေကျပ်သိန်း ၁၀၀၊ တံတားခုနစ်စင်း တည်ဆောက်ရန် ငွေကျပ်သိန်း ၁၅၀၊ ဆမီးတိုက်နယ်ဆေးရုံ မွမ်းမံဆောင်ရွက်ရန် ငွေကျပ်ခုနစ်သိန်း၊ မြို့နယ်မီးသတ်ယာဉ်ပြုပြင်ရန် ငွေကျပ် ၂၅ သိန်း၊ ဆရာဆရာမများ အဆောင်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၁၀၀၊ ဆမီးကျေးရွာရေရရှိရေး ငွေကျပ်သိန်း ၆၀ နှင့် ပလက်ဝမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ် ၇၄၂ သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပလက်ဝမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိမ်သာလို့ဧည့်လာ လာသည့်ဧည့်သည် ထိုင်းနှင့်တရုတ်နိုင်ငံသားများ အများဆုံးဖြစ်

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် မေ ၂

၂၀၁၂ ခုနှစ် နှစ်ဦးသည် မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုအများဆုံးကာလဖြစ်ခြင်း၊ ဧပြီလသည် မြန်မာသင်္ကြန်ပွဲတော်ကာလရက်များနှင့် တိုက်ဆိုင်နေခြင်းတို့ကြောင့် နိုင်ငံခြားဧည့်သည်များ ဝင်ရောက်မှု ပိုမိုများပြားသည်ဟု ဧည့်လမ်းညွှန်တစ်ဦးထံမှ သိရသည်။

*ဧပြီလဆန်း ၁ ရက်မှ ၃၀ ရက်အထိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နိုင်ငံပေါင်း ၄၀ ခန့်မှ လာရောက်ဖူးမြော်သော နိုင်ငံခြားသားဧည့်သည်ပေါင်း ၁၈၄၄၉ ဦးရှိပြီး ထိုအထဲတွင် ထိုင်းလူမျိုးနှင့် တရုတ်လူမျိုးများ အများဆုံးဖြစ်ကာ **(အပေါ်ပုံ)** ထိုင်းလူမျိုး ၃၅၇၉၊ တရုတ်လူမျိုး ၂၀၄၀ ဦးတို့ တက်ရောက်ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောပြသည်။*

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နိုင်ငံခြားဧည့်သည်များ လာရောက်မှုကြောင့် ဧည့်ဝင်ကြေး နိုင်ငံခြားငွေနှင့် နိုင်ငံခြားအလှူငွေများ ပိုမိုရရှိခဲ့ပြီး ဧပြီ တစ်လတည်းမှာပင် ဧည့်ဝင်ကြေးအဖြစ် USD + FEC ၉၄၇၄၅ ရရှိသည့်အပြင် အလှူတော်ငွေအဖြစ် USD + FEC ၅၇၆၄ ရရှိကြောင်း သိခွင့်ရခဲ့သည်။

ထိုင်းလူမျိုးများနှင့် တရုတ်လူမျိုး ဧည့်သည်များအနေဖြင့် ရန်ကုန်မြို့ရောက်ရှိလျှင် အဓိကအားဖြင့် ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျောက်တန်း ရေလယ်ဘုရားများသို့ ဧည့်လမ်းညွှန်များအား အရင်ဆုံး ပို့ခိုင်းတတ်သည်ဟု သိရသည်။ ဒုတိယအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရှေးဟောင်းအဆောက်အအုံများ၊ လမ်းဘေးဈေးသည်များရောင်းချနေပုံကို စိတ်ဝင်တစားလိုက်ကြည့်တတ်ကြောင်းကိုလည်း ယင်းဧည့်လမ်းညွှန်က ဆိုခဲ့သည်။

ညပိုင်း၌မူ တရုတ်တန်းခေါ် လသာမြို့နယ်အတွင်းရှိ စားသောက်ဆိုင်များသို့ ဝင်ရောက်စားသောက်ခြင်းကိုလည်း ကြိုက်နှစ်သက်ကြသည်ဟု သိရသည်။

ဧပြီလအတွင်း၌ နေ့စဉ်ပင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထိုင်းဧည့်သည်များ၊ တရုတ်ဧည့်သည်များက အစုလိုက်ဝင်လာလျက်ရှိပြီး ခရီးသွားအေဂျင်စီများနှင့် ချိတ်ဆက်လျက် ရန်ကုန်မြို့ရှိ ဟိုတယ်များတွင် တစ်ညအိပ်တည်းခိုပြီး ရန်ကုန်မြို့ရှိ ထင်ရှားသောနေရာများသို့ မော်တော်ယာဉ်များဖြင့် လည်ပတ်တတ်ကြသည်ဟု သိရသည်။

သင်္ကြန်ပွဲတော်ရက်များနှင့် တိုက်ဆိုင်လာရောက်ကြသော ဧည့်သည်များက မြန်မာ့ရိုးရာရေကစားနေကြပုံများကို စိတ်ဝင်တစားမှတ်တမ်းရယူသွားကြသည်ဟု ဆိုသည်။

အချို့လည်း ထိုမှ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားနှင့် အထက်မြန်မာပြည်ရှိ ဘုရားပုထိုးစေတီများသို့လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ အင်းလေး၊ ပင်းတယနှင့် တိုင်းရင်းသားကျေးရွာများသို့လည်းကောင်း သွားရောက်လေ့လာတတ်ကြကြောင်း သိရှိရသည်။

ယခုရက်ပိုင်းအတွင်း ရန်ကုန်၌ အပူရှိန်မြင့်မားမှုကြောင့် ရန်ကုန်တွင် ရက်ကြာကြာမနေကြဘဲ ပြင်ဦးလွင်မြို့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့များသို့ အတက်များကြကြောင်း သိရှိရသည်။

မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။

(ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်း မီးမလောင်မီ (ပြည်သူတို့၏တာဝန်)များ ချထားရာတွင် ကူညီဆောင်ရွက်ပါ။

(ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက် စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များ အတိုင်းလိုက်နာဆောင်ရွက်ပါ။

(ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။

(မီးသတ်ဦးစီးဌာန)

ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က
မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း၌ မိုင်းထောင်မှုများထပ်မံပြုလုပ်

နေပြည်တော် မေ ၂

ယနေ့နံနက် ၂ နာရီ ၂၅ မိနစ်ခန့်တွင် မန္တလေး-မြစ်ကြီးနားရထားလမ်း ပြည်ထောင်ဘူတာနှင့် မလိခဘူတာကြား၌ ကေအိုင်အေ (ကချင်) လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲမှုကြောင့် ရထားသံလမ်းနှစ်ဖက်စလုံး ရှစ်လက်မခန့် ပြတ်တောက်ခဲ့ကြောင်း၊ မိုင်းပေါက်ကွဲသည့် နေရာအနီး သံလမ်းအရှေ့ဘက် ပေ ၅၀ ခန့်အကွာတွင် ကေအိုင်အေပြောက်ကျား ယူနီဖောင်းဝတ်အလောင်းတစ်လောင်းအား တွေ့ရှိရကြောင်း၊ ပျက်စီးသွားသည့် ရထားလမ်းပိုင်းအား မိုးကောင်းဘူတာမှ အင်ဂျင်နီယာအဖွဲ့က ပြင်ဆင်ခဲ့ရာ နံနက် ၁၀ နာရီခွဲခန့်တွင် ရထားများ ပုံမှန်သွားလာနိုင်ပြီ ဖြစ်ကြောင်း ၊ ယခုရက်ပိုင်းအတွင်း ကေအိုင်အေ (ကချင်) လက်နက်ကိုင်အဖွဲ့က ယခုကဲ့သို့ အဖျက်လုပ်ရပ်များ လုပ်ဆောင်နေမှုနှင့် ပတ်သက်၍ ဒေသခံပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစားမြင်ကွင်း

နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

စပိန်လာလီဂါပြိုင်ပွဲ ဗီလာရီးရဲတို့အဝေးကွင်း၌ နိုင်ပွဲရ

မက်ဒရစ် မေ ၂

စပိန်လာလီဂါပွဲစဉ် (၃၅) လက်ကျန်ပွဲများကို မေ ၂ ရက်နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ စပို့တင်းဂိုင်ဂျွန်နှင့် ဗီလာရီးရဲတို့ပွဲတွင် ဗီလာရီးရဲက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(ဝဲပုံ)**

နှစ်သင်းစလုံးအမှတ်လိုအပ်နေသဖြင့် ယခုပွဲကို အနိုင်ရရှိရေးအပြန်အလှန် ထိုးဖောက်ကစားခဲ့ရာ ဗီလာရီးရဲအတွက် မာရီအိုက ပွဲချိန် ၁၉ မိနစ်၌ အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဂိုးသွင်းယူပေး

သို့သော်ပွဲချိန် ၃၉ မိနစ်၌ အိမ်ရှင်စပို့တင်းဂိုင်ဂျွန်အတွက် လိုရာက ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဗီလာရီးရဲတို့က ဦးဆောင်ဂိုးရရှိရေး ဆက်လက်ကြိုးစားခဲ့ရာ ပွဲချိန် ၄၃ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် ဆင်နာက ဂိုးသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင် ဗီလာရီးရဲတို့ ဆက်လက်ထိုးဖောက်ကစားခဲ့ရာ ပီရက်ဇ်က ပွဲချိန် ၅၆ မိနစ်၌ တစ်ဂိုးသွင်းယူခဲ့သဖြင့် ဗီလာရီးရဲတို့ သုံးဂိုးရရှိခဲ့သည်။ သို့သော် စပို့တင်းဂိုင်ဂျွန်မှ ဂါလ်ဗက်ဇ်က ၈၅ မိနစ်၌ ချေပဂိုး ပြန်သွင်းယူနိုင်ခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်သဖြင့် ပွဲအပြီးဗီလာရီးရဲက သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ဂီတာဖေးနှင့် ရေဆင်းတို့ပွဲတွင် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ ဂီတာဖေးအတွက် ဂိုးကို ပွဲချိန် ၅၉ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် မီကူက သွင်းယူပေးခဲ့သည်။ ရေဆင်းအတွက် ချေပဂိုးကို ပွဲချိန် ၆၄ မိနစ်၌ ဒီကော့ပ်ကသွင်းယူပေးခဲ့သည်။ ဂရင်နာဒါနှင့် အက်စ်ပန်ညိုတို့ပွဲတွင် ဂရင်နာဒါက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

(အင်တာနက်)

ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲ သြစတြေးလျမှ နီလ်ရိုဘက်ဆင်နိုင်ပွဲရ

ရှက်ဖ်ဖီး မေ ၂

ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို အင်္ဂလန်နိုင်ငံ ရှက်ဖ်ဖီးမြို့တွင် မေ ၂ ရက်က ကျင်းပရာ သြစတြေးလျမှ နီလ်ရိုဘက်ဆင်က အင်္ဂလန်မှ အိုဆူလီဗင်အား ၅-၃ ဖြင့် အနိုင်ရရှိခဲ့သည်။ (ဝဲပုံ)

နီလ်ရိုဘက်ဆင်သည် ယခုပွဲ၌ အမှားအယွင်းနည်းစွာ ကစားနိုင်ခဲ့သဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ တစ်ဖန် စကော့တလန်မှ မာဂွိုင်ရီက ပြိုင်ဘက်ဖြစ်သည့် စကော့တလန်မှ ဟန်ဒရီအား ၁၃-၂ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

နိုင်ပွဲရရှိခဲ့

ထို့အတူ အင်္ဂလန်မှ ကာတာက ဝေးလ်စ်မှ ဂျာမိန်းဂျွန်အား ၅-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ဝေးလ်စ်မှ မက်သရူးစတီဗင်စ်က ပြိုင်ဘက် ဝေးလ်စ်မှ ရိုင်ဒေးအား ၁၁-၅ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**

လန်ဒန်အိုလံပစ် လက်ရည်စစ်ဘော်လီဘောပြိုင်ပွဲ ကျူးဘား၊ ပွာတိုရီကို၊ မက္ကဆီကိုနှင့် ဒိုမီနီကန်တို့နိုင်ပွဲရ

မက္ကဆီကိုစီးတီး မေ ၂

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ လက်ရည်စစ်ပွဲများကို မေ ၁ ရက်က ကျင်းပရာ ကျူးဘား၊ ပွာတိုရီကို၊ မက္ကဆီကိုနှင့် ဒိုမီနီကန်အသင်းများ အနိုင်ရရှိခဲ့ကြသည်ဟု မေ ၂ ရက်၌ သတင်းထုတ်ပြန်သည်။

သုံးပွဲပြတ်

အုပ်စု(ခ)တွင် ကျူးဘားအမျိုးသမီးဘော်လီဘောအသင်းက ကော့စတာရီကာ အမျိုးသမီးဘော်လီဘောအသင်းကို ၂၅-၂၂၊ ၂၅-၁၅၊ ၂၅-၆ ဖြင့် သုံးပွဲပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့အတူ အုပ်စု(ခ)မက္ကဆီကို အမျိုးသမီးအသင်းက ထရီနီဒက်နှင့် တိုဘာဂိုအသင်းကို ၂၅-၁၄၊ ၂၅-၁၉၊ ၂၅-၂၃ ဖြင့် သုံးပွဲပြတ် အနိုင်ရရှိခဲ့သည်။

တစ်ဖန် အုပ်စု(က)မှ ဒိုမီနီကန်နှင့် ကနေဒါအမျိုးသမီးဘော်လီဘောအသင်းတို့ပွဲတွင် ဒိုမီနီကန်အသင်းက ၂၅-၁၂၊ ၂၃-၂၅၊ ၂၀-၂၅၊ ၂၅-၁၅ ဖြင့် အကြိတ်အနယ်ကစားပြီး သုံးပွဲ-တစ်ပွဲဖြင့် ဒိုမီနီကန်အမျိုးသမီးဘော်လီဘောအသင်းက အနိုင်ရရှိသွားသည်။

အုပ်စု(က)မှ ပွာတိုရီကိုနှင့် ဟွန်ဒူးရပ်စ်အသင်းတို့ပွဲတွင် ပွာတိုရီကို အမျိုးသမီးဘော်လီဘောအသင်းက ၂၅-၄၊ ၂၅-၆၊ ၂၅-၄ ဖြင့် သုံးပွဲပြတ်ဖြင့်နိုင်ပွဲရရှိခဲ့သည်။ **(အောက်ပုံ)**

(အင်တာနက်)

နိုင်ငံတကာအားကစားသတင်း

နိုင်ငံတကာအားကစားသတင်း

မြင့်မောင်စိုး – စုစည်းသည်

လီဗာပူးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။

လီဗာပူးတို့ပေးသောလက်ဆောင်ဂိုးဖြင့် လီဗာပူးအိမ်ကွင်း၌ ဖူလ်ဟမ်တို့ ပထမဆုံးနိုင်ပွဲရ

လန်ဒန် မေ ၂

လီဗာပူးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့သည် မေ ၁ရက် ညပိုင်းက ပွဲစဉ် (၃၆)အဖြစ်ယှဉ်ပြိုင်ကစားကြရာ မာတင်စကာတယ်၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသည့် ဂိုးကြောင့် ဖူလ်ဟမ်တို့ အန်ဖီးလ်ကွင်း၌ ပထမဆုံးအနိုင်ရရှိခဲ့သည်။

ပွဲစပြီး ငါးမိနစ်အကြာ ရစ်ဆီက လီဗာပူးဂိုးရှေ့ ဖြတ်တင်ပေးစဉ် ဘောလုံးမှာ စကာတယ်နှင့်ထိကာ ဂိုးပေါက်ထဲ ဝင်သွားခဲ့သဖြင့် ဖူလ်ဟမ်တို့ စောစီးစွာ လက်ဆောင်ဂိုးရခဲ့သည်။ လီဗာပူးတို့ ချေပဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားသည်။

ဖူလ်ဟမ်တို့ကလည်း ဂိုးပြန်မပေးရရေး အကြိတ်အနယ်ကာကွယ်ခဲ့သည်။ လီဗာပူးတိုက်စစ်မှူး အင်ဒီကာရိုးအပိုင်ခေါင်းတိုက်သွင်းယူသည့်ဂိုးကိုလည်း ဖူလ်ဟမ်နောက်တန်းကစားသမား ဟန်ဂျီလန်က ဖျက်ထုတ်နိုင်ခဲ့သည်။ လီဗာပူးကစားသမား ဖရီသွင်းယူသည့် ဂိုးမှာလည်း ဂိုးတိုင်ထိမှန်၍ ဂိုးမရခဲ့ပေ။ ဒမ်ဆေးသွင်းယူသည့် ဂိုးကိုလည်း လီဗာပူးဂိုးသမား အလက်ဇန္ဒားဒိုနီက ကာကွယ်နိုင်ခဲ့သည်။

သုံးသပ်ထား

လီဗာပူးအသင်းသည် ပြီးခဲ့သည့်အပတ်ကနော့ဝှစ်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ကစားခဲ့သော်လည်း ယခုပွဲ ရှုံးနိမ့်သွားသဖြင့် မေ ၅ ရက်တွင် ချယ်လ်ဆီးနှင့် ကစားမည့် FA ဖလားဗိုလ်လုပွဲအတွက် အနိုင်ကစားရန်ခက်ခဲနိုင်သည်ဟု သုံးသပ်ထားကြသည်။

လီဗာပူးအသင်းသည် လက်ကျန် ပရီမီယာလိဂ်ပွဲကစားရန် နှစ်ပွဲသာကျန်တော့သည်။ ယင်းနှစ်ပွဲမှာ ချယ်လ်ဆီး၊ ဆွမ်ဆီးတို့နှင့် ဆက်လက်ယှဉ်ပြိုင်ရမည့်ပွဲဖြစ်သည်။ သို့သော် လီဗာပူးအသင်းသည် ယခုနှစ်တွင် ကာလင်းဖလား ရရှိထားပြီး မျှော်လင့်စရာဖလားဆို၍ မေ ၅ ရက်တွင်ကစားမည့် အက်ဖ်အေဖလားသာ ရှိတော့သည်။ **(အင်တာနက်)**

အင်္ဂလန်နည်းပြဖြစ်လာသော ရွိုင်းဟော့ဆင်အား စတီဗင်ဂျရတ် ကြိုဆို

လန်ဒန် မေ ၂



လီဗာပူးနည်းပြဟောင်း ရွိုင်းဟော့ဆင်အား အင်္ဂလန်နည်းပြခန့်အပ်လိုက်ခြင်းကို စတီဗင်ဂျရတ်က ကြိုဆိုလိုက်သည်။ (ဝဲပုံ)

ပြောကြား

“ ရွိုင်းဟာ လူတော်လူကောင်းတစ်ဦးဖြစ်သလို မန်နေဂျာကောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ အင်္ဂလန်အသင်းအောင်ပွဲတွေရဖို့ သူ့အနေနဲ့ ဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်” ဟု လီဗာပူးအသင်းခေါင်းဆောင်စတီဗင်ဂျရတ်က ပြောကြားသည်။

မရွေးချယ်ရသေး

အင်္ဂလန်နည်းပြကာပယ်လို၏ အောင်မြင်မှုကို ဆက်လက်အမွေခံသွားမည်ဖြစ်ကြောင်း ရွိုင်းဟော့ဆင်က အတည်ပြုပြောကြားသည်။ သို့သော်အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင်ကို မရွေးချယ်ရသေးဟုဆိုသည်။ ဟော့ဆင်သည် လီဗာပူးအသင်းကို ၃၁ ပွဲကိုင်တွယ်ခဲ့ပြီး ၁၃ ပွဲအနိုင်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ၎င်းသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက လီဗာပူးအသင်းမှ ထွက်ခဲ့သည်။ ယခုနှစ် ပရီမီယာလိဂ်တွင် ဝက်စ်ဘရွန်းကို နည်းပြအဖြစ် တာဝန်ယူခဲ့သည်။ **(အင်တာနက်)**

လူစားဝင်လာသူ ဂျရိုမီ စတုတ်အတွက် တစ်မှတ်ရယူ

လန်ဒန် မေ ၂

စတုတ်နှင့် အဲဗာတန်တို့သည် မေ ၁ ရက် ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ် (၃၆)အဖြစ် ယှဉ်ပြိုင်ကစားကြရာ အရန်ခုံမှ ဝင်ကစားသော ကင်းမရွန်း ဂျရိုမီက တစ်ဂိုးသွင်းယူပေးလိုက်၍ စတုတ်တို့ ရမှတ်တစ်မှတ်ရခဲ့သည်။

ဦးဆောင်ဂိုးရရှိ

လီဗာပူးတိုက်စစ်မှူးဟောင်း ပီတာခရော့ချ်က ကိုယ့်ဂိုးကိုယ် ပြန်သွင်းယူမိ၍ အဲဗာတန်တို့ ပထမပိုင်းမှာပင် ဦးဆောင်ဂိုးရရှိခဲ့သည်။ ဂျရိုမီသည် ပြီးခဲ့သည့်နှစ် နွေရာသီက တန်းဆင်းဇုန်ရောက်နေသော ဘာမင်ဂမ်မှ ပေါင် ၄ သန်းဖြင့် စတုတ်အသင်းသို့ ရောက်လာသည်။

ကင်းမရွန်း ဂျရိုမီ စတုတ်အသင်းအတွက် ဂိုးသွင်းပြီး ဤသို့အောင်ပွဲခံခဲ့သည်။

ယခုသွင်းယူခဲ့သည့် ဂိုးသည် စတုတ်အသင်းသို့ ရောက်လာပြီးနောက် တတိယမြောက်ဂိုးဖြစ်သည်။ ၎င်းသည် ပရီမီယာလိဂ်အစပွဲ ခြောက်ပွဲမျှသာ ကစားခဲ့ရသည်။ အများအားဖြင့် လူစားအဖြစ်သာ ဝင်ကစားခွင့်ရခဲ့သည်။ **(အင်တာနက်)**

ပါရမီ
မဟာ
ပါမောက္ခ ဦးလှချစ်
၉-တန်း၊ ၁၀-တန်း

ကိုရီးယား E.P.S (TOPIK) စာမေးပွဲ
(ကိုရီးယားအလုပ်အကိုင်)
(Central Link ကုမ္ပဏီ)

ကျေးဇူးဆပ်ပါမည်

(၁)မော်တော်ကားသွင်းကုန်ပါမစ် Permit No.3/11-12/32532 ရက်စွဲ ၀၉/၀၃/၂၀၁၂၊ (၂) B/L မူရင်း B/L No.NYG-510 (၃) Commercial Invoice, Invoice No.ANK-SNN/029-2012၊ (၄) Packing List တို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပေးပါက ကျေးဇူးဆပ်ပါမည်။

ဒေါ်နန်းမွန်းဆိုင်
ဖုန်း-၀၉-၇၃၀၉၄၅၇၁၊ ၀၉-၅၄၁၁၇၅၆

လူပျောက်ကြော်ငြာ

ဦးမောင်ကြိုင် (ဘ) ဦးတင်အောင် ၁၂/ဥကမ(နိုင်)၀၇၂၁၈၅ ကိုင်ဆောင်သူသည် ၁၅-၄-၂၀၁၂ရက် အလုပ်မှ အိမ်အပြန်လမ်းတွင် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိခဲ့သူများ အောက်ပါလိပ်စာသို့ အကြောင်းကြားပေးပါရန်မေတ္တာရပ်ခံပါသည်။

မအေးအေးမော်
အမှတ် ၁၀၀၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၃၀၅၁၁၉၃

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျိုန်ဟုန်ကျင်း၏ နိုင်ငံကူးလက်မှတ် No. M-596652မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၁-၆၆၃၃၇၂၊ ၀၉-၅၁၉၇၃၄**

(Tu Tu - Su Su)
TUTORS / DTEC-9
ENGLISH SPEAKING & PHONETICS
GRAMMAR

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဦးအောင်မြတ်လမ်း၊ အမှတ် ၁၆၊ နှစ်ခန်းတွဲ ၁၂ထပ် အဆောက်အအုံမှ ၁၂ထပ်တစ်ခန်း၊ ယာဘက်ခန်း (၁၂၉လမ်းဘက်အခြမ်း) ဧရိယာ (၂၅×၅၅)ပေရှိ တိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးသန်းထိုက် ၁၂/လသန(နိုင်)၀၀၂၇၆၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက် နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), HGP, R.L, DBL
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်ရဲဝေဖြိုး ၁၂/သဃက(နိုင်)၁၄၉၃၇၆ နှင့် ကျွန်မ ဒေါက်တာခင်မာလွင် ၁၄/မမန(နိုင်)၀၀၀၇၇၂ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂-၅-၂၀၁၂ရက်တွင် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၌ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စန္ဒီချိုသက်လှိုင် ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မောင်ရဲဝေဖြိုး၊ ဒေါက်တာခင်မာလွင်

Bus ကားရောင်းမည်

၂၀၀၇ခုနှစ်နှင့်အထက် မည်သည့် Bus ကားမဆို သွင်းနိုင်သည်။ မိမိအမည်ပေါက်ရမည်။

ကျပ် ၄၉ သိန်း၊
ဖုန်း-၀၉-၄၃၂၀၂၁၈၀

ပြိုင်ပွဲ၏ ပထမဦးဆုံးရွှေ့ကွက်ကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (စစ်တုရင်အဖွဲ့ချုပ်)

၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ ပြိုင်ပွဲဝင် စစ်တုရင် အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲ၏ ပထမဦးဆုံး ရွှေ့ကွက်ကို မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့ကရွှေ့၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်ကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားသူ မြန်မာ့ရိုးရာစစ်တုရင်အားကစားသမားများမှာ အောင်နိုင်၊ ဝင်းထွန်း၊ ငြိမ်းချမ်း၊ ကိုကိုကြီး၊ လင်းနိုင်ဦး၊ အောင်ကျော်အေး၊ မြင့်ဟန်၊ နေဦးကျော်ထွန်း၊ စိုးမင်းကျော်၊ နိုင်မျိုးလင်း၊ ဇော်ဝင်းလေးနှင့် အုန်းကျော်တို့ဖြစ်သည်။

ကျင်းပသွားမည်

ပြိုင်ပွဲကို မေ ၂ ရက်မှ ၁၁ ရက်အထိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ပြိုင်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၂

ဒေါက်တာအောင်ကျော်ထူး (M.D DARE Co.,Ltd.) သည် ကစားဖော်များဖြစ်ကြသော ဦးအောင်ထွန်း (PETRONAS)၊ ဒေါက်တာအက်ဒွပ်ဖ် (PETRONAS)တို့နှင့်အတူ မေ ၁ ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon No. (4) ဘောလုံးကို Ben Hogan Iron No. (8) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၃ ကိုက်အကွာရှိ ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးမည်

ထားဝယ် မေ ၂

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၏ တရားစီရင်ရေးကို အများပြည်သူ ယုံကြည်ကိုးစားလာရေး၊ သန့်ရှင်းသောတရားစီရင်ရေးတို့ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် အမှုများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးမည်။ တရားရုံးဆိုင်ရာလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးမည်။ လာဘ်ငွေပေးဖို့မလိုပါ။ လာဘ်ငွေတောင်းခံလာပါက တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဖုန်း-၀၅၉-၂၃၆၅၇၊ ဖက်စ်-၀၅၉-၂၃၄၉၈ ထံ တိုင်ကြားပါ စသည့် အချက်များပါရှိသော ကြော်ငြာစာများကို အများပြည်သူများ သိရှိနိုင်ရန် တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများအသီးသီးရှိ တရားခွင်များ၊ ရုံးအမှုထမ်းရုံးခန်းများနှင့် အများမြင်သာသည့်နေရာများတွင် ကပ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။ (၁၅၂)

ဧပြီ ၂၉ ရက်က ရန်ကုန်မြို့ အင်းလျားရိပ်သာလမ်း အမှတ် ၆/က (မြသီရိခြံ)တွင် သီရိသုဓမ္မသီရိ ဒေါ်မြရင်က ပဲခူးခရိုင်မှ စာကြည့်တိုက်များအတွက် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ စာအုပ်စာစောင် ၁၀၅၀ ကို ပဋ္ဌမအကြိမ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်တင်တင်ဦးလက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

အပြုံးပန်းကိုယ်စီမှသည်. . .

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်၊ ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက် ဝန်ထမ်းအားလုံး၏ မျက်နှာများပေါ်တွင် အပြုံးပန်းကိုယ်စီဖြင့် ကြည်နူးဖွယ်ရာ တစ်နေ့ကုန်တွေ့ခဲ့ရသည်။

အကြောင်းကား ၂၀၁၂ ခုနှစ် မတ် ၁၄ ရက်က ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၁၂ အရ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများ၏ စားဝတ်နေရေး သက်သာချောင်လည်မှုရှိစေရန်အတွက် လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လငွေကျပ် သုံးသောင်း(၃၀၀၀၀) လစဉ်ခံစားခွင့်ပြုခြင်း စတင်သက်ဝင်လှုပ်ရှားသည့် လကုန်ရက်၊ လစာထုတ်ရက်ဖြစ်ခြင်းကြောင့်ပါတည်း။

ဝန်ထမ်းတစ်ဦးလျှင် တစ်လငွေကျပ် ၃၀၀၀၀ နှုန်းစီ အပိုထောက်ပံ့ကြေးရရှိခြင်းဖြင့် နိုင်ငံတော်၏စေတနာကို လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းအားလုံးက သိရှိနားလည်ရန် လိုပါသည်။

သိရှိနားလည်သည်နှင့်အမျှ စီမံခန့်ခွဲရေးလုပ်ငန်းတွင် တာဝန်ယူရသည့် ဝန်ထမ်းများ၊ ကုန်ထုတ်လုပ်ငန်းတွင် တာဝန်ယူရသည့် ဝန်ထမ်းများအားလုံးသည် မိမိတို့ တာဝန်ယူရသည့်လုပ်ငန်းတာဝန်၏ ရာထူးအဆင့်အတန်းအလိုက် လုပ်ငန်းများအပေါ် အထက်မှအောက်၊ အောက်မှအထက် အပြန်အလှန် နားလည်မှုရှိရှိ၊ တာဝန်သိမှု၊ တာဝန်ရှိမှုတို့ပေါင်းစပ်ကာ ကြိုးစားလုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်အပေါ် ကျေးဇူးတုံ့ပြန် တာဝန်ကျေပွန်ရန်ဖြစ်သည်။

အပြုံးကိုယ်စီလက်ဝယ်ပိုင်ဆိုင်ထားကြသော နိုင်ငံတော်၏စီမံခန့်ခွဲရေးလုပ်ငန်းနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအသီးသီးများအနေဖြင့် ရာထူးကြီးငယ်မဟူ မိမိလုပ်ကိုင်နေရသည့် လုပ်ငန်း၏-

- ထုတ်ကုန်ပစ္စည်းအရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားအောင် တီထွင်ကြံဆ သုတေသနပြုထုတ်လုပ်ခြင်း၊ စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်နေခြင်း၊ လုပ်ငန်းပညာအမွေ လက်ဆင့်ကမ်းဖြန့်ဝေပေးခြင်း၊
- နိုင်ငံပိုင် ယာဉ်စက်ယန္တရားများ မပျက်စီး မပျောက်ဆုံးအောင် ထိန်းသိမ်းဆောင်ရွက်ရင်း စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်အောင် အလုပ်ချိန်နှင့် လျှပ်စစ်စွမ်းအားများ လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဆောင်ရွက်ခြင်း၊
- ဝန်ထမ်းအချင်းချင်း အထက်အောက် အပြန်အလှန်နားလည်မှုရှိရှိ စည်းလုံးညီညွတ်မှုအပြည့်အဝထားကာ စိတ်ရင်းစေတနာကောင်းဖြင့် တာဝန်ထမ်းဆောင်ကြခြင်းတို့ဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများပီပီ အပြုံးပန်းကိုယ်စီမှသည် **"ရိုးသားကြိုးစား လုပ်အားဖြင့်နိုင်ငံတည်"** ဆိုသလို နိုင်ငံသစ်-ပြည်သစ် တည်ဆောက်ရေးခရီးကို ဆက်လက်လျှောက်လှမ်းကြရန် ဖြစ်ပါကြောင်း။

(ကိုအောင်)

မြန်မာ့အလင်း မှုခင်းသတင်း

ပင်လယ်ထဲမျောပါနေတဲ့ပုလင်း ဆယ်ယူသောက်သုံးသူသုံးဦး သေဆုံး

ပုသိမ် မေ ၂

ဖြစ်စဉ်မှာ ဧပြီ ၂၁ ရက် ညနေ ၃ နာရီခွဲခန့်က ပုသိမ်မြို့နယ် တောင်နီမော်ကျေးရွာ ဓနိချောင်းဖျားတွင် ဆိုက်ကပ်ထားသော စက်လှေပေါ်၌ လူသုံးဦး သေဆုံးနေကြောင်း သတင်းအရ ရွှေသောင်ယံရဲစခန်းမှ ဒုရဲအုပ်ဇော်မင်းထွန်းနှင့် အဖွဲ့သည် အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးရာ စက်လှေပိုင်ရှင် စိုးတင့်(၄၆)နှစ် (ဘ-ဦးငထွန်း) ကြွေဂျိုင် ငရုတ်ကောင်းမြို့နယ်ခွဲနေသူနှင့် အရှည် ကြီး (ခ) စန်းအေး(၄၂)နှစ် (ဘ-ဦးချစ်လှိုင်) ရေလုပ်သား ဂျိတ်လတ်ကျေးရွာနေသူ၊ ဗေလုဝ (၃၅)နှစ် (ဘ-စစ်ဆေးဆဲ) ချောင်းသာနေသူတို့ သုံးဦးသည် ပင်လယ်တွင်း ငါးရှာထွက်ကြရာမှ ပင်လယ်ထဲ မျောပါနေသော ပုလင်းတစ်လုံးကို အရက်ပုလင်းဟု ယူဆ၍ ဆယ်ယူကြပြီး ပုလင်းထဲမှ အရည်ကို ရေနှင့်စပ်၍ သောက်သုံးကြရာမှ သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေး တွေ့ရှိရသဖြင့် ရွှေသောင်ယံရဲစခန်းမှ အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ (၀၇၇)

လယ်ထွန်စက်နှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွား

နောင်ချို မေ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် ကံကြီးကျေးရွာသို့ သွားသောလမ်း မိုင်အမှတ် ၁၄၀/၅ နှင့် ၁၄၀/၄ အကြား မျက်ချင်းနုကျေးရွာအနီး ကားလမ်းမပေါ်တွင် ဧပြီ ၁၆ ရက် ည ၈ နာရီက လယ်ထွန်စက်နှင့် ကမ်ဘို-၁၂၅ ဆိုင်ကယ်တို့ တိုက်မိကြရာ ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာသူ မျက်ချင်းနုကျေးရွာအုပ်စု နောင်ဩကျေးရွာနေသူ မခင်နန်းဝေ အသက်(၂၄)နှစ်သည် ရရှိသောဒဏ်ရာဖြင့် ပွဲချင်းပြီးသေဆုံးသွားကာ ဆိုင်ကယ်မောင်းနှင်သူ ကျော်မင်းထွန်း အသက်(၂၀)မှာ ဒဏ်ရာများ ရရှိခဲ့သည်။

နောင်ချိုရဲတပ်ဖွဲ့စခန်းမှ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၆၁)

နည်းပညာသိပ္ပံ နည်းပညာသိပ္ပံ နည်းပညာသိပ္ပံ နည်းပညာသိပ္ပံ

အာကာသဟိန်း–စုစည်းသည်

စက္ကူကတ်ထူပြား ဒစ်ဂျစ်တယ်ကင်မရာ ဆွီဒင်နိုင်ငံ၌ ထုတ်လုပ်

စတော့ဟုမ်း မေ ၂

ဆွီဒင်နိုင်ငံမှ ဒီဇိုင်နာတစ်ဦးဖြစ်သည့် ဂျက်စပါကော့ဟုဖ်က ဒီဇိုင်းရေးဆွဲပြီး အိုင်ကီးယားလုပ်ငန်းမှ ထုတ်လုပ်လိုက်သော စက္ကူကတ်ထူပြားဖြင့်ပြုလုပ်ထားသည့် ဒစ်ဂျစ်တယ်ကင်မရာတစ်လုံးကို မေ ၁ ရက်၌ ပရိသတ်များအား မိတ်ဆက်ပြသခဲ့သည်။

ကတ်ထူပြား ဒစ်ဂျစ်တယ်ကင်မရာလေး၏ လျှပ်တစ်ပြက်ရိုက်ကူးနိုင်သည့် ဓာတ်ပုံအရေအတွက်မှာ ၄၀ ဖြစ်သည်။ ၎င်းကင်မရာကို နက်ပါဟု အမည်ပေးထားပြီး ကင်မရာကိုယ်ထည်အပြားအား ကတ်ထူစက္ကူဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ ဒစ်ဂျစ်တယ်ကင်မရာအတွက် အရွယ်အစားသေးငယ်သော ဓာတ်ခဲနှစ်လုံး ထည့်သွင်းအသုံးပြုရမည်ဖြစ်ပြီး ကွန်ပျူတာဖြင့် ချိတ်ဆက်ကာ ပုံဖော်မှု၊ ဓာတ်ပုံကူးယူမှုများ ပြုလုပ်နိုင်သည်။

လောလောဆယ်တွင် စက္ကူကတ်ထူပြား ဒစ်ဂျစ်တယ်ကင်မရာကို ဝယ်ယူသူများအား ရောင်းချဦးမည်မဟုတ်ကြောင်း၊ ကမ္ဘာ့ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ကမ္ဘာအနှံ့ ကုန်စည်ပြပွဲများတွင် လိုက်လံခင်းကျင်းပြသမည်ဖြစ်ကြောင်း အိုင်ကီးယားလုပ်ငန်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ရောင်းချပေး

ကတ်ထူပြား ဒစ်ဂျစ်တယ်ကင်မရာ၏ စက်ပစ္စည်းအစိတ်အပိုင်းအပိုများကို ထုတ်လုပ်ပြီးသည့်အချိန်၌ ဝယ်ယူသူများအားရောင်းချပေးမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

သစ်သားဖြင့်ပြုလုပ်ထားသော ရဟတ်ယာဉ် တရုတ်လယ်သမားတစ်ဦး တည်ဆောက်

ပေကျင်း မေ ၂

တရုတ်နိုင်ငံ စင်ကျန်းမြို့မှ အဘူလီကီအမည်ရှိ တရုတ်လယ်သမားကြီးတစ်ဦးက သစ်သားဖြင့်ပြုလုပ်ထားသော ရဟတ်ယာဉ်တစ်စင်းကို တီထွင်တည်ဆောက်လျက်ရှိကြောင်း မေ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

လယ်သမားကြီး အဘူလီကီသည် အလုပ်အားလပ်ချိန်များတွင် သစ်သားဖြင့် ရဟတ်ယာဉ်တည်ဆောက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းပြုလုပ်ထားသော သစ်သားရဟတ်ယာဉ်မှာ အရှည် ၁၈ ပေရှိပြီး ကိုယ်ထည်ပတ်လည် အရွယ်အစား ၁ ဒသမ ၅ မီတာရှိကာ ရဟတ်ယာဉ်တစ်စင်းလုံး၏ အလေးချိန်မှာ ကီလိုဂရမ် ၁၅၀ ခန့်ရှိသည်။

အဆိုပါ သစ်သားရဟတ်ယာဉ်ကို လူသုံးဦး လိုက်ပါစီးနင်းနိုင်အောင် တည်ဆောက်ထားသည်။ သစ်သားပန်ကာဒလက်များလည်း လည်ပတ်စေရန်အတွက် လျှပ်စစ်မော်တာတစ်လုံးကို ထည့်သွင်းတပ်ဆင်ထားသည်။

ယင်းသစ်သားရဟတ်ယာဉ်သည် လောလောဆယ်၌ လေထဲတွင်ပျံသန်းနိုင်မှု မရှိသေးကြောင်း၊ ပျံသန်းနိုင်အောင် ဆက်လက်ကြိုးစားရမည်ဖြစ်ကြောင်း သစ်သားရဟတ်ယာဉ်ကို လာမည့်နှစ်၌ ဝေဟင်တွင်ပျံသန်းနိုင်မည်ဖြစ်သည်ဟု တရုတ်လယ်သမားကြီး အဘူလီကီကပြောကြားသည်။ **(အင်တာနက်)**



ဖန်နန်းမျှင်ဖြင့် ပြုလုပ်ထားသည့် အလိုအလျောက်အချိန်ပြနာရီ ထုတ်လုပ်

လန်ဒန် မေ ၂

အလင်းရောင်အားကိုရယူနိုင်သည့် ဖန်နန်းမျှင်များဖြင့် ပြုလုပ်ထားသော နာရီများကို ဗြိတိသျှသုတေသနပညာရှင်များက ထုတ်လုပ်လိုက်ပြီဖြစ်ရာ ဥရောပနိုင်ငံများသို့ ဖြန့်ချိတော့မည်ဖြစ်ကြောင်း မေ ၁ က သတင်းထုတ်ပြန်သည်။

၎င်းဖန်နန်းမျှင်နာရီသည် စက်မှုလုပ်ငန်းများ၊ သုတေသနပညာရှင်များနှင့် အခြားလုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ အလင်းရောင်အားသုံးဖန်နန်းမျှင်နာရီသည် အလင်းရောင်ဖြင့်အချိန်နာရီများကို ဖော်ပြပေးနိုင်မည့် အလိုအလျောက်အချိန်ပြနာရီအမျိုးအစားဖြစ်သည်။ ထို့အတူ ဖန်နန်းမျှင် ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်မှုများဖြင့်လည်း ချိတ်ဆက်ကာ နိုင်ငံတကာမှစံတော်ချိန်များကို ကြည့်ရှုနိုင်ရေးအတွက်လည်း စီစဉ်ထားသည်။

အဆိုပါ အလင်းရောင်အားသုံး ဖန်နန်းမျှင် အလိုအလျောက်နာရီများကို ဥရောပတစ်လွှားရှိ အဝေးပြေးကားလမ်းများ၌ ထားရှိသွားရန် စီစဉ်လျက်ရှိသည်။ ၎င်းဖန်နန်းမျှင်နာရီသည် မိုက်ကရိုဝေ့ဗ်စနစ်သုံးနာရီများထက် အဆ ၁၀၀၀၀၀ ခန့် ပိုမိုတိကျကြောင်း သတင်း၌ဖော်ပြသည်။ (ဝဲပုံ) **(အင်တာနက်)**

ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ

အာကာကျော် - စုစည်းသည်



နှလုံးကျန်းမာရေးကောင်းစေရန် လျှပ်စစ်ဖြင့် နှလုံးကျုံ့ကုသမည်

လန်ဒန် မေ ၂

နှလုံးကျန်းမာရေးမကောင်းသော ဝေဒနာရှင်များအား လျှပ်စစ်ဖြင့် နှလုံးကို ကျုံ့သွားအောင်လုပ်ခြင်းဖြင့် ကုသနိုင်ကြောင်း၊ ယင်းကုသမှုကို လီဗာပူးမြို့၌ စတင်စမ်းသပ်လျက်ရှိကြောင်း ဧပြီ ၃၀ ရက်က သတင်းဖော်ပြထားသည်။

နှလုံးကိုသွားသည့် နာဗ့်ကြောထဲမှ တစ်ခုကို လျှပ်စစ်ဓာတ်အားသုံး ကိရိယာတစ်ခုဖြင့် လှုံ့ဆော်နှိုးဆွပေးလျှင် နှလုံးကျုံ့သွားပြီး အသက်ရှည်စေနိုင်ကြောင်း ဗြိတိသျှဆေးဘက်ဆိုင်ရာသုတေသီများက လေ့လာတွေ့ရှိထားသည်။ **(အပေါ်ပုံ)**

ပထမဆုံးကုသ

အဆိုပါကုထုံးကို ကြွက်နှင့်ခွေးတို့အား စမ်းသပ်ကုသခဲ့ပြီးနောက် လူကို ပထမဆုံးကုသပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပထမဆုံးလူနာကို မကြာမီရက်များအတွင်း နှလုံးခွဲစိတ်ကုသပေးမည်ဟု ဆိုသည်။ နှလုံးသည် ခန္ဓာကိုယ်တစ်ခုလုံးသို့ သွေးများတွန်းထုတ်ပေးသည်။ နှလုံးသွေးတွန်းထုတ်ပေးမှု မအောင်မြင်သောသူများသည် မောပန်းလာသည်။ ရုတ်တရက် အသက်ရှူကျပ်လာသည်။ ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်နေသော်လည်း မာရသွန်အပြေးသမားကဲ့သို့ မောပန်းလာသည်။ ဤသို့ လက္ခဏာများတွေ့လျှင် နှလုံးကျန်းမာရေး မကောင်းဖြစ်လာသည်ကို သတိပြုသင့်၏။ ဗြိတိန်နိုင်ငံတွင် နှလုံးကျန်းမာရေးမကောင်းသူ ၉၀၀၀၀၀ ခန့်ရှိသည်။ ယင်း ကဲ့သို့ဖြစ်ခြင်းမှာ သွေးတိုးခြင်းကြောင့်ဖြစ်သည်။ နှလုံးသွေး ရုတ်တရက်ဆောင့်တိုးလျှင် နှလုံးကြွက်သားများ သေသွားနိုင်သည်။ ဦးနှောက်သွေးကြောများ ပြတ်တောက်သွားတတ်သည်။ **(အင်တာနက်)**

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဆေးလိပ်သောက်သုံးလျှင် ကလေးများစိတ်ဝေဒနာခံစားရနိုင်

နယူးယောက် မေ ၂

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဆေးလိပ်သောက်သုံးခြင်းသည် ၎င်းတို့၏ ရင်သွေးငယ်များအား အထီးကျန် စိတ်ဝေဒနာများရရှိစေနိုင်ကြောင်း အမေရိကန်သုတေသီများက သတိပေးထားသည်ကို မေ ၁ ရက်က သတင်းဖော်ပြထားသည်။ **(ယာပုံ)**

ဆေးလိပ်ဆေးရွက်ကြီးကို ကိုယ်ဝန်ဆောင်အမျိုးသမီးများ သောက်သုံးခြင်းဖြင့် ကလေးကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်ကြောင်း၊ လမစေ့မီ ကလေးမွေးဖွားပြီး သေဆုံးခြင်း၊ ကလေးပန်းနာရင်ကျပ်ဖြစ်စေခြင်းစသောရောဂါများ ဖြစ်ပွားနိုင်ကြောင်း အမေရိကန်ကျန်းမာရေးသုတေသီများက သတိပေးထားသည်။

ဆေးလိပ်ကြောင့် စိတ်ဝေဒနာအဖြစ် နာတာရှည်ခံစားနေရသော ကလေးများအား အမေရိကန်နိုင်ငံတစ်ဝန်း စစ်တမ်းကောက်ယူခဲ့ရာမှ အထက်ပါအချက်ကို လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု ပြည်နယ် ၁၁ ခုတွင် ၁၉၉၀ ပြည့်လွန်နှစ်များက စိတ်ဝေဒနာရှင်နာတာရှည်ရောဂါများနှင့်မွေးဖွားလာသော ကလေး ၆၃၀၀၀၀ တို့အား စစ်ဆေးကြည့်ရာ ယင်းတို့၏ မိခင် ၁၃ ရာခိုင်နှုန်းမှာ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်သုံးခဲ့ကြကြောင်း ပတ်ဝန်းကျင်ကျန်းမာရေးစစ်တမ်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

လမစေ့မီမွေးသောကလေးများ မိခင်နို့ များများတိုက်ကျွေး

လန်ဒန် မေ ၂

နို့ဦးရည်တိုက်ကျွေးသောကလေးများသည် ကလေးကြီးထွားမှုကို မြန်စေကြောင်း သုတေသနဆန်းစစ်ချက်တစ်ရပ်က အကြံပြုတင်ပြထားသည်။

မိခင်နို့ဦးရည်ကိုတိုက်ကျွေးသောကလေးအများစုမှာ ရောဂါဖြစ်ပွားမှု နည်းပါးစေကြောင်း အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသီများက လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အနည်းဆုံး ငါးပတ်စောမွေးသည့် ကလေးများပင်လျှင် မိခင်နို့ဦးရည်တိုက်ကျွေးသဖြင့် ကလေးကျန်းမာရေးကောင်းစေကြောင်းဖြင့်လည်း ၎င်းစစ်တမ်းတွင် ဖော်ပြထားသည်။ (ဝဲပုံ)

ဗြိတိန်နိုင်ငံတွင် နှစ်စဉ် နေ့စေ့လစေ့မဟုတ် မွေးဖွားသော ကလေး ၆၀၀၀၀ ကျော်ရှိသည်။ ယင်းတို့အနက် ၁၀ ဦးလျှင် တစ်ဦးမှာ ကျန်းမာရေးချို့ယွင်းမှုကြောင့် အထူးကြပ်မတ်ကုသဆောင်၌ထား၍ ကုသပေးရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ လမစေ့မီမွေးဖွားခြင်းကြောင့်ဖြစ်သည်။ ထိုသို့ လမစေ့မီမွေးဖွားသော ကလေးများ၏ အဓိကပြဿနာမှာ အူသိမ်အူမများ မဖွံ့ဖြိုးခြင်းကြောင့် ဖြစ်သည်။ ယင်းအတွက် မိခင်နို့ဦးရည်ကို ကောင်းစွာတိုက်ကျွေးခြင်းဖြင့် ကလေးလျင်မြန်စွာ ဖွံ့ဖြိုးလာစေသည်ဟု ဆိုသည်။ တစ်နေ့နှစ်ကြိမ်ခန့် ၁၈ ရက်ကြာ မိခင်နို့တိုက်ကျွေးသောကလေးများနှင့် တစ်နေ့ခြောက်ကြိမ် ၂၁ ရက်ကြာ မိခင်နို့တိုက်ကျွေးသော ကလေးတို့ နှိုင်းယှဉ်ကြည့်ရာတွင် တစ်နေ့ခြောက်ကြိမ် မိခင်နို့တိုက်ကျွေးသောကလေးများက ပို၍ကြီးထွားနေကြောင်း အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသီများက သုတေသနပြု တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကျွမ်းဘားအနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်မှု

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ကြည့်ရှုအားပေး



ကြည့်ရှုအားပေး

ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် မြို့တော်ခန်းမရင်ပြင်ရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ည ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်ရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကျွမ်းဘား အနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါဖျော်ဖြေပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ကျွမ်းဘားအနုပညာကို နှစ်သက်သည့် ဒေသခံပြည်သူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကြိုဆိုဂုဏ်ပြု နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း၊ ရေမြေချင်းထိစပ်နေပြီး နှစ်ပေါင်းထောင်ချီကာ အစဉ်အဆက် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲဆက်ဆံနေထိုင်လာခဲ့ကြသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြပါကြောင်း၊ ထို့ကြောင့်လည်း နှစ်နိုင်ငံပြည်သူများအကြား ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ နီးစပ်ဆက်နွှယ်တူညီကြပြီး ရှေးပဝေသဏီကတည်းက ဆွေမျိုးပေါက်ဖော်အဖြစ်နှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်လာခဲ့ကြသည့် သမိုင်းအစဉ်အလာကောင်းကို ပိုင်ဆိုင်ထားကြပြီးဖြစ်ပါကြောင်း။

ရှေးဟောင်းတရုတ်ခေတ်ပြိုင်မှတ်တမ်းများအရ ခရစ်နှစ် ၈၀၂ ခုနှစ်တွင် အဖွဲ့ဝင် ၃၅ ဦးပါဝင်သည့် မြန်မာနိုင်ငံမှ ပျူသုခမအနုပညာရှင် အဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံသို့ သွားရောက်ပြီး ဖျော်ဖြေခဲ့ဖူးကြောင်း သမိုင်းမှတ်တမ်းတွင် အထင်အရှားတွေ့ရှိရပါကြောင်း၊ ထိုသို့ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအနုပညာရှင်အဖွဲ့များ အပြန်အလှန်စေလွှတ်ပြီး ယဉ်ကျေးမှုချင်းဖလှယ်ခဲ့ကြသည့် အစဉ်အလာကောင်းသည် **စာမျက်နှာ ၂ ကော်လံ ၁** ✻

မြန်မာ့အလင်း ယနေ့ ပတ်စရာ၊ မှတ်စရာ

ဘာစီလိုနာမြို့ရှိ ကိုလံဘတ်အထိမ်းအမှတ် အဆောက်အအုံ၌ ပိတ်မိနေသော ကမ္ဘာလှည့် ခရီးသွားများအား ကယ်ဆယ်နိုင် စာ-၄



လီဗာပူးတို့ပေးသော လက်ဆောင်ဂိုးဖြင့် လီဗာပူးအိမ်ကွင်း၌ ဖူလ်ဟမ်တို့ စာ-၁၁ **ပထမဆုံးနိုင်ပွဲရ**



ဖီဖာမှ ပေးအပ်သည့် ဘောလုံးကျန်းမာရေးနှင့် ပညာပေးပရိုဂရမ်ဆု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရရှိခဲ့

ခင်ရတနာ – ရေးသားသည်

ရန်ကုန် မေ ၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပေးအပ်သည့် ဘောလုံးလောကဆုတစ်ဆုကို အာရှနိုင်ငံများအနက် မြန်မာနိုင်ငံက ရရှိခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရှိရသည်။ အဆိုပါဆုမှာ ဘောလုံးလောကသားများအတွင်း ရေပန်းစားလျက်ရှိသည့် ကျန်းမာရေး၊ အသိပညာနှင့် ကိုယ်ချင်းစာတရားစသည်ဖြင့် အချက်အလက်ပေါင်း ၁၁ ချက်ပါဝင်သည့် စီမံချက်ဖြစ်ကာ မြန်မာနိုင်ငံမှ ဘောလုံးအဖွဲ့ချုပ်အနေနှင့် ယခင်ကာလများက ဖီဖာမှ ပေးအပ်သည့် တာဝန်များနှင့် အစီအစဉ်များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ယခုကဲ့သို့ ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများကဆိုသည်။ အဆိုပါအစီအစဉ်မှာ FIFA 11 for Health Program ဖြစ်ကာ ဖီဖာ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သုတေသနစင်တာတစ်ခုဖြစ်သည့် (F-MARC) မှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကာ လူငယ်ဘောလုံးသမားများအတွက် မှတ်သားလိုက်နာသင့်သည့် အချက်များဖြစ်သော ထူးချွန်ကျန်းမာသည့် အားကစားသမားတစ်ဦးဖြစ်ရေးအတွက် ကျန်းမာရေး **စာမျက်နှာ ၆ ကော်လံ ၄** ❒

အာကာသသိပ္ပံ ကောင်းမြတ်သူ – ရေးသားသည်

နေအဖွဲ့အစည်း၏ အပြင်ဘက်စက်ဝန်းအတွင်း ကမ္ဘာထက်ကြီးသော ဂြိုဟ်သစ်တစ်လုံးတွေ့ရှိ



ဝါရှင်တန် မေ ၂

နာဆာမှလွှတ်တင်ထားသော ကပ္ပလာဂြိုဟ်တုက နေအဖွဲ့အစည်း၏ အပြင်ဘက်ရှိ မိမိတို့ကမ္ဘာ နေအဖွဲ့အစည်းကဲ့သို့ Kepler-22 ဟု အမည်ပေးထားသော နေအဖွဲ့အစည်းစက်ဝန်း၌ ဂြိုဟ်သစ်တစ်လုံးကို ပထမဆုံးတွေ့ရသည်ဟု မေ ၂ ရက်တွင် နာဆာက အတည်ပြုပြောကြားသည်။

အဆိုပါဂြိုဟ်ကို Kepler-22b ဟု အမည်ပေးထားသည်။ ဂြိုဟ်၏မျက်နှာပြင်ပေါ်တွင် ရေလည်း ရှိနိုင်ကြောင်း အမေရိကန် အာကာသအေဂျင်စီက ပြောကြားသည်။ ၎င်းဂြိုဟ်သည် ၎င်း၏နေအဖွဲ့အစည်းအတွင်းရှိနေကို တစ်နှစ်လျှင် ရက် ၂၉၀ နှုန်းဖြင့် လှည့်ပတ်လျက်ရှိသည်။

Kepler-22b ဂြိုဟ်သည် ကမ္ဘာဂြိုဟ်ထက် ၂ ဒသမ ၄ ဆ ကြီးသည်။ ၎င်းဂြိုဟ်သည် ကျောက်တုံးများ၊ ဓာတ်ငွေ့များနှင့် အရည် တို့ဖြင့် ဖွဲ့စည်းထားသည်ဟု ဆိုသည်။ သုတေသီများက အဆိုပါဂြိုဟ်ကို ကမ္ဘာမြေ၏ အရွယ်အစား ခန့်ရှိသည်ဟု ခန့်မှန်းခဲ့ကြသော်လည်း အသေအချာတွက်ချက်ကြည့်သည့်အခါ ကမ္ဘာထက်ကြီးနေသည်ကို တွေ့ရသည်။

စာမျက်နှာ ၆ ကော်လံ ၄ ●

ခင်လေးမြင့်အောင် – ရေးသားသည်

တင်သွင်းကားသစ်များ စိတ်ကြိုက်နံပါတ်လျှောက်ထားနိုင်

ရန်ကုန် မေ ၂

ပြည်ပမှ တရားဝင်တင်သွင်းခွင့်ရရှိထားသည့် မော်တော်ယာဉ်များအား မော်တော်ယာဉ်မှတ်ပုံတင်ခြင်းပြုလုပ်ပါက စိတ်ကြိုက်နံပါတ်များကို တရားဝင် ရွေးချယ်တပ်ဆင်နိုင်ရေးအတွက် မေ ၂ ရက်မှ စတင်ကာ ဆောင်ရွက်နိုင်ကြောင်း သက်ဆိုင်ရာမှတစ်ဆင့် သိရှိရသည်။

“ကားအသစ်တွေဆို နံပါတ်က ရွေးချင်ကြတယ်။ ယာဉ်ပိုင်ရှင်တွေအတွက် တရားဝင်နံပါတ်ရွေးချယ်ခွင့်ကို ပေးလိုက်တဲ့သဘောပါပဲ။ ကြိုက်နှစ်သက်ရာနံပါတ်ကို ရွေးချယ်နိုင်ပြီး နိုင်ငံတော်အတွက်လည်း ဘဏ္ဍာငွေတိုးနိုင်တဲ့အတွက် အခုလို စီစဉ်ပေးခဲ့တာပါ”ဟု ကညနမှ တာဝန်ရှိသူတစ်ဦးက အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးသည်။

စာမျက်နှာ ၆ ကော်လံ ၅ ■